မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၄)၊ အမှတ်(၉၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးဘားသမ္မတနိုင်ငံ လွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် ဇန်နဝါရီ၁ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဖီဒယ်လ် ကတ်စထရိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆူဒန်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် ဇန်နဝါရီ၁ရက်တွင် ကျရောက်သော ဆူဒန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဆူဒန်သမ္မတနိုင်ငံ သမ္မတ ဒုတိယဗိုလ်ချုပ်ကြီးအူမာ၊ဟတ်စ်ဆန်၊ အာမက်၊ အယ်လ်၊ ဘာရှီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကျင်းပရေး စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

မြန်မာတို့၏ အားမာန်စွမ်းပကားသည် မြန်မာ့သမိုင်းတွင် ထွန်းပြောင်လျက်ရှိ

မြန်မာတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်း ဆက်ခံပြီး သူရဲကောင်းစိတ်ဓာတ်ဖြင့် မိမိတို့၏ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်သူများဖြစ်ကြောင်း မြန်မာ့သမိုင်း၌ ခိုင်မာကြွယ်ဝသော သာဓကများစွာဖြင့် ကမ္ပည်းမှတ်တမ်းစိုက်ထူခဲ့ပြီး ဖြစ်ပေသည်။ ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကို သူ့ကျွန်အဖြစ်ခံနစ်မခံဘဲ လွတ်လပ်ရေး ပြန်လည်ရရှိရန် ကြိုးပမ်းမှုခရီးစဉ်တွင် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို အရင်းခံကာ မြန်မာတို့သည် နိုင်ငံရေး၊ စစ်ရေးနည်းလမ်းမျိုးစုံဖြင့် နယ်ချဲ့ရန်ကိုဆန့်ကျင်တွန်းလှန်ခဲ့ကြပေသည်။ လွတ်လပ်ရေးတိုက်ပွဲစဉ်တစ်လျှောက် အသက်၊ သွေး၊ ချွေးများစွာ စိုက်ထုတ်စွန့်စားလျက် တက်ညီလက်ညီ သွေးစည်းကြိုးပမ်းခဲ့ကြသော မြန်မာတို့၏အားမာန်စွမ်းပကားသည် မြန်မာ့သမိုင်းတွင် ထွန်းပြောင်လျက်ရှိသည်ကို ကျွန်ုပ်တို့ မမေ့သင့်ကြပေ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
(၅၁)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ–

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပြွန့်စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားလာရေး ပူးပေါင်းလက်တွဲ ကြိုးပမ်းစွမ်းဆောင်

ရုပ်ရှင်သည် ပြည်သူ့အတွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ရုပ်ရှင်လောကသားများသည် ရုပ်ရှင်အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုလျက်ရှိကြသည်။

နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးကို ရှေးရှုလျက် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး မြင့်မားရေး၊ ပြည်ပရုပ်ရှင်ပွဲတော်များသို့ ပါဝင်တက်ရောက်ပြသနိုင်ရေး၊ မြန်မာဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးတို့ကို အလေးထား အားပေး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၄ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားကို ဒီဇင်ဘာလ၃၀ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဥ္ဇကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားလာရေးအတွက် ၁၉၅၂ခုနှစ်မှစပြီး နှစ်စဉ် ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းသို့ချီးမြှင့်ရာတွင်လည်း တစ်နှစ်ထက်တစ်နှစ် အကယ်ဒမီဆု အမျိုးအစားများကို တိုးချဲ့ချီးမြှင့်ခဲ့ရာ ယခုအခါ အမျိုးအစား ၁၁ မျိုးအထိ ချီးမြှင့်ပေးခဲ့ပြီး ယနေ့အထိ ချီးမြှင့်ပေးခဲ့ပြီးသည့် ထူးချွန်ဆုပေါင်းမှာ ၂၇၉ ခုရှိခဲ့ပြီဖြစ်သည်။

ထို့အပြင် မြန်မာ့ရုပ်ရှင်လုပ်ငန်းရှိ ရုပ်ရှင်ကူးဆေးစက်၊ အရောင်ခွဲစက်၊ စတူဒီယို အသံကူးပြောင်းစက်များ ပိုမိုကောင်းမွန် အဆင့်မြှင့်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက အားပေးလျက်ရှိရာ အာဖရိက Cape Town ရုပ်ရှင်ပွဲတော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေကြက်ဖရုပ်ရှင်ပွဲတော်များတွင် မြန်မာရုပ်ရှင်ကားများ ပါဝင်ပြသစေခဲ့ပြီး မလေးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၌လည်း မြန်မာရုပ်ရှင်ကားများ ဈေးကွက်စမ်းသပ်ထိုးဖောက်နိုင်ခဲ့သည်။

နိုင်ငံတော်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်အဆင့်အတန်း မြင့်မားလာရေး အားပေးချီးမြှင့်ခဲ့သကဲ့သို့ ရုပ်ရှင်လောကသားများအတွက် မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအသစ်ကိုလည်း ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်သည်။

ရုပ်ရှင်လောကသားများ အနေဖြင့်လည်း မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးမှာ မြန်မာ့ရုပ်ရှင်လောက၏ အသက်ဖြစ်ရာ လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအတွင်းသို့ နှစ်စဉ် ပြည်ပမှဝင်လာသည့် ရုပ်ရှင်ကားများမှာ ပြည်တွင်းက ထုတ်လုပ်သည့် ရုပ်ရှင်ကားထက် အရေအတွက်များနေသည်ကို တွေ့ရသည်။ ယင်းတို့မှာ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကအတွက် စိန်ခေါ်မှုများဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့အပေါ် စိန်ခေါ်နေမှုများပင်ဖြစ်သည်။ ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မှသာ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးအောင် ထိန်းသိမ်းနိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ရာ ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး မြင့်မားလာပြီး ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရေးနှင့် ပြည်ပမှထိုးဖောက်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအားထုတ်သွားကြရင်း မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းလက်တွဲကြိုးပမ်း စွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

MRTV-4°° ရုပ်မြင်သံကြားအစီအစဉ်

၁–၁–၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ဝါသနာရှင်စင်မြင့်
၇:၄၅ တေးဂီတအစီအစဉ်
၇:၅၀ မနီတို့ရွာနှင့်သစ်တော
၈:၁၀ တေးဂီတအစီအစဉ်
၈:၁၅ ပြည်တွင်းသတင်းအကျဉ်း
၈:၂၀ ငယ်စဉ်အခါပညာရှာ
၈:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၃၅ မိုးလေဝသခန့်မှန်းချက်
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ Sunday Talk
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ စီးပွားဖြစ်သစ်ခွစိုက်ကြရအောင်
၁၀:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၀ တေးဂီတအစီအစဉ်
၁၀:၁၅ စက်သုံးဆီအစားထိုးနိုင်ဖို့ ပရိဂျူစာဂက်စ်ကို သုံးကြစို့
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀ Myanmar Video Rhythm
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဆွေးနွေးခန်း) (ဒေါက်တာကြည်ပြာမိုး၊ ဒေါက်တာနှင်းနွယ်အေး၊ ဒေါက်တာမိုးမိုးသွယ်)
၁၁:၅၅ တေးဂီတအစီအစဉ်။
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁–၁–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ မိုးကုတ်ဆရာတော်ကြီး၏ တရားတော် **"ဆန္ဒအရာကပယ်ခြင်းသည် ဘုရားဝါဒဖြစ်ပုံ"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ ကျန်းမာသုတ
၁၂:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အရှုံးသမားရဲ့မျက်ရည်"** (အပိုင်း–၂)
၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၃၅ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၆။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀၁၀။ လျှပ်တစ်ပြက်
၇:၀၀၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်"** (အပိုင်း–၅၃)
၈:၀၀၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ပဟေဠိနန်းတော်
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားရှင်"** (အပိုင်း–၃၉)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီဇင်ဘာ ၁၅ ရက်က ဒဂုံမြို့နယ် အလက(၁)တွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောယုခင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

■ **ရှေ့ဖုံးမှ**

ဒုတိယဝန်ကြီးများ၊ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမျိုးသားရေးဦးတည်ချက်

အစည်းအဝေးတွင် ရှေးဦးစွာ ၂၀၀၆ ခုနှစ်(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်မည့် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တစ်နိုင်ငံလုံးတွင် သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေး၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းခင်းကျင်းပြသရေး၊ ရန်ကုန်မြို့တော် လွတ်လပ်ရေးနေ့အခမ်းအနား ဖျော်ဖြေရေး၊ ကျန်းမာရေး၊ အားကစားပြိုင်ပွဲများ ကျင်းပရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီး ညနေပိုင်းတွင် ၂၀၀၆ ခုနှစ် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ၂၀၀၆ ခုနှစ် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီက ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည့် (၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။ **(သတင်းစဉ်)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း။

ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ၁၂ရက်တွင် ကျင်းပခဲ့ပြီး အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပေးခဲ့ကြောင်း၊ ဗဟိုကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများအနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း။

ညှိနှိုင်းဆွေးနွေး

ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများတင်ပြပြီး လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ရန်ကုန်မြို့တော် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား၊ ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲ ကျင်းပရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖိလစ် ပိရပ်ရုခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

— — — — — —

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဆူဒန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပို့

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ရက်တွင် ကျရောက်သော ဆူဒန်သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆူဒန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာလမ်၊ အာကိုလ်၊ အဂျာဝင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တပ်မတော်ခန်းမ၌ ခင်းကျင်းပြသမည့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက်— ၁–၁–၂၀၀၆ မှ ၁၁–၁–၂၀၀၆

အချိန် — နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ — တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁)ထွက်နေပြီ

ရန်ကုန် ဒီဇင်ဘာ ၃၁



၂၀၀၆ ခုနှစ်၏ နှစ်သစ်ကို ကြိုဆိုလျက် ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၁)ကို ဇန်နဝါရီ၁ ရက် **(ယနေ့)**၌ ထုတ်ဝေလိုက်သည်။ **(ဝဲပုံ)**

ဂျာနယ်တွင် ဓာတုကင်းစင်သည့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး၊ အချိန်မှန် ခုတ်သိမ်းချက် ကြံအလေအလွင့်ထိန်း၊ ဆူးပုပ်ပင်စိုက်ပျိုးနည်း၊ မိုးမခေါင်သီး၊ ဥကြက်မများရွေးပယ်မည်ဆိုလျှင် စသည့်စိုက်ပျိုးမွေးမြူရေး ဆောင်းပါးများအပြင် နွားချေးမှရသော လောင်စာဓာတ်ငွေ့၊ကျေးလက်တစ်ခွင် ဉာဏ်ရွှင်စေဖို့၊ ကြိုတင်ကာကွယ်မှု မီးဆိပ်အန္တရာယ်၊မြန်မာ့လှည်း၊ အိမ်မွေးတိရစ္ဆာန်များအား သက်ညှာရေးစသည့် သုတ ဆောင်းပါးများကို အားဖြည့်၍ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဖွယ်ဖွယ်ရာရာဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်စာပေနှင့် မန္တလေးမြို့ရှိထွန်းဦး စာပေတို့၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ်(၁၀/၃၂) ၁၀ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ဓာတ်အားလိုင်းပြုပြင်

ထိုင်းနိုင်ငံ ဖူးကက် အပန်းဖြေကျွန်းရှိ သဘာဝ ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်နေသည်ကို ဒီဇင်ဘာ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီသတိပေးစနစ်များ ၂၀၀၇ ခုနှစ်မကုန်မီ အပြီးတပ်ဆင်ပေးသွားမည်

ကိုလံဘို ဒီဇင်ဘာ ၃၁

အိန္ဒိယသမုဒ္ဒရာတွင် သီရိလင်္ကာနိုင်ငံအပါအဝင် အိန္ဒိယသမုဒ္ဒရာနိုင်ငံများ ဆူနာမီမဖြစ်ပေါ်မီ သတင်းအချက်အလက်များသိရှိနိုင်ရန် ဆူနာမီ ကြိုတင်သတင်းပေးစနစ်တစ်ရပ်ကို ၂၀၀၇ခုနှစ်မကုန်မီ တပ်ဆင်သွားမည်ဖြစ်ကြောင်း ဒေလီးနယူးစ်က ဒီဇင်ဘာ ၂၉ရက်၌ ဖော်ပြသည်။

အိန္ဒိယသမုဒ္ဒရာတွင် ယင်းကဲ့သို့ သတိပေးစနစ် တစ်ခုမျှ မရှိခဲ့ခြင်းကြောင့် ယမန်နှစ်က ဆူနာမီကြောင့် သီရိလင်္ကာတွင် အသေအပျောက်နှင့် အပျက်အစီးများခဲ့ရကြောင်း သီရိလင်္ကာ မိုးလေဝသ ဒုတိယညွှန်ကြားရေးမှူးချုပ် လာလစ်ချန်ဒရာပါလာက ပြောကြားသည်။

သတိပေး

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က အိန္ဒိယသမုဒ္ဒရာ၌ ဆူနာမီဖြစ်ပေါ်ချိန်တွင် ပစိဖိတ်သမုဒ္ဒရာတွင်သာ ဆူနာမီသတိပေးစနစ်ရှိခဲ့သည်။ သီရိလင်္ကာနှင့် အခြားအိန္ဒိယသမုဒ္ဒရာ နိုင်ငံများသည် ဆူနာမီသတိပေးသတင်းအချက်အလက်များ ရရှိခြင်းမရှိခဲ့ပေ။

စည်းဝေးဆုံးဖြတ်

အိန္ဒိယသမုဒ္ဒရာတွင် ယခုတပ်ဆင်မည့် ဆူနာမီ သတိပေးစနစ်များသည် နိုင်ငံတကာ အသိုင်းအဝိုင်းက ပါရီမြို့၌ တွေ့ဆုံခဲ့ကြကာ အိန္ဒိယသမုဒ္ဒရာ ဆူနာမီ သတိပေးစနစ် (အိုင်အိုတီဒဗလျူအက်စ်)ဖြစ်ပေါ်လာစေရန် စည်းဝေးဆုံးဖြတ်ခဲ့ကြသည်။

အခိုင်အမာပြော

သို့ရာတွင် အိန္ဒိယသမုဒ္ဒရာ၌ အဆိုပါ ဆူနာမီသတိပေးစနစ် မတပ်ဆင်မီ သီရိလင်္ကာနိုင်ငံက ပစိဖိတ်သမုဒ္ဒရာသတိပေးစနစ်ဌာနနှင့် ဂျပန်မိုးလေဝသတို့နှင့်ဆက်သွယ်၍ ဆူနာမီ သတိပေးမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချန်ဒရာပါလာက အခိုင်အမာ ပြောကြားလိုက်သည်။

သတင်းပြန်ကြားပေး

လက်ရှိစနစ်မှာ ၁၅မိနစ်အတွင်း သီရိလင်္ကာမိုးလေဝသက သိရှိကာ ယင်းမှ မိနစ်၃၀အတွင်း ပြည်သူ၊ မီဒီယာ၊ ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့များကို သတင်းပြန်ကြားပေးနိုင်မည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန်၌ ကားနှစ်စီးတိုက်မိ ခြောက်ဦးသေဆုံး ၂၂ဦး ဒဏ်ရာရရှိ

တီဟီရန် ဒီဇင်ဘာ ၃၁

အီရန်နိုင်ငံအလယ်ပိုင်း ယာဇက်ပြည်နယ်တွင် ဒီဇင်ဘာ ၂၈ရက် မွန်းလွဲပိုင်းက ဘတ်စ်ကားတစ်စီးနှင့် အခြားကားတစ်စီး တိုက်မိခဲ့သဖြင့် လူခြောက်ဦး သေဆုံးပြီး အခြား ၂၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိုင်အာအင်အေ သတင်းဌာနက ဒီဇင်ဘာ ၂၉ရက်တွင် ဖော်ပြသည်။

မကျော်တက်သင့်ဘဲ ကျော်တက်ခဲ့သည့် ကားမောင်းသူမှာ အပြစ်ရှိကြောင်း ဒေသခံယာဉ်ထိန်းရဲအရာရှိ အဘတ်စ်ပေဒါရီက ပြောကြားသည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် လမ်းမတော်တဆ ဖြစ်ပွားမှုနှုန်း အများဆုံးရှိသော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ လမ်းမတော်တဆမှုကြောင့် အီရန်နိုင်ငံတွင် ၂၄မိနစ်တိုင်း လူတစ်ဦး သေဆုံးကြောင်း တရားဝင်စာရင်းဇယားများတွင် ဖော်ပြပါရှိသည်။ မတော်တဆ ဖြစ်ပွားရခြင်း အများစုမှာ အန္တရာယ်များသောလမ်းများနှင့် မဆင်မခြင်မောင်းနှင်မှုများကြောင့် ဖြစ်ကြောင်း ကုန်းလမ်းသယ်ယူ ပို့ဆောင်ရေးမှ ပညာရှင်များက အပြစ်ဖို့ ပြောကြားသည်။

နောက်ဆုံးရရှိသည့် ကိန်းဂဏန်းများအရ ၂၀၀၅ခုနှစ် မတ်လကတည်းက အီရန်နိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ပွားမှုကြောင့် လူပေါင်း ၁၅၀၀၀ ကျော် သေဆုံးခဲ့ပြီး လွန်ခဲ့သည့်နှစ်ကထက် ၆ဒသမ၃ရာခိုင်နှုန်း ပိုများခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

နယ်ပယ်စုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားကြရန် အိန္ဒိယဝန်ကြီးချုပ်နှင့် သီရိလင်္ကာသမ္မတတို့ဆွေးနွေး

နယူးဒေလီ ဒီဇင်ဘာ ၃၁

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် သီရိလင်္ကာနိုင်ငံ သမ္မတ မဟိန္ဒါရာဂျာပက်ဆာတို့နှစ်ဦးသည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဒီဇင်ဘာ ၂၈ရက်က တွေ့ဆုံကာ နယ်ပယ်စုံကိစ္စရပ်များအပေါ် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

သီရိလင်္ကာနိုင်ငံသမ္မတ ရာဂျာပက်ဆာအနေဖြင့် သမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့်ခရီးစဉ်ဖြစ်ပြီး ခေါင်းဆောင်နှစ်ဦးတို့အနေဖြင့် နိုင်ငံတကာကိစ္စရပ် အများအပြားကို ၄၅မိနစ်ကြာဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နာဗ်တီဆာနာက ပြောကြားသည်။

တွေ့ဆုံဆွေးနွေးရာတွင် သီရိလင်္ကာနိုင်ငံတွင် ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်ဖြစ်ထွန်းရန် အိန္ဒိယနိုင်ငံက အကူအညီပေးမှုများကို မိမိနားလည်သိရှိပါကြောင်း သီရိလင်္ကာသမ္မတက ပြောကြားသည်။

သဘောတူညီချက်ရရှိ

ထို့အပြင် နှစ်နိုင်ငံ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့် အကူအညီပေးမှုများကိုလည်း ဆွေးနွေးသဘောတူညီချက် ရရှိခဲ့ကြသည်ဟု အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တစ်ဖန် နှစ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအပြင် အဓိကကိစ္စရပ် အများအပြားတွင် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့သွားရန်လည်း အိန္ဒိယဝန်ကြီးချုပ်နှင့် သီရိလင်္ကာသမ္မတတို့ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် စွမ်းအင်သတင်းပြန်ကြားရေးနည်းပညာ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် မီးရထားလမ်းဖောက်လုပ်ရေးများ ပူးပေါင်းဆောင်ရွက်ရာတွင် ရင်းနှီးစွာ ပူးတွဲလုပ်ဆောင်သွားကြရန်လည်း ဆွေးနွေးခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်တောင်ပိုင်းရှိ နေအိမ်တစ်အိမ်အတွင်း လူ၁၁ဦးအား လက်နက်ကိုင်များ ပစ်သတ်သွားခဲ့

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

ဘဂ္ဂဒက်တောင်ပိုင်း၌ ဒီဇင်ဘာ ၂၉ရက်က လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က နေအိမ်တစ်အိမ်အတွင်းဝင်ရောက်ကာ ရှီးယိုက်မိသားစုဝင် ၁၁ဦးကို သတ်သွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါမိသားစုသည် ဘဂ္ဂဒက်တောင်ဘက် ၁၃မိုင်အကွာ ဆွန်နီအများစုနေထိုင်ရာ လတ်တီဖီးယားမှ ပြောင်းရွှေ့ရန် ပြောက်ကျားအုပ်စုက သတိပေးခဲ့သော်လည်း ပြောင်းရွှေ့ခြင်းမပြုသည့်အတွက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်သတ်

သေနတ်သမားများသည် ကားနှစ်စီးဖြင့် အဆိုပါနေအိမ်သို့ ရောက်လာပြီး သေနတ်ဖြင့် ပစ်သတ်သွားခဲ့ရာ နေအိမ်အတွင်း၌ သွေးအိုင်များဖြစ်နေသည်ဟု ဆိုသည်။

သေဆုံးသူများတွင် အမျိုးသားခုနစ်ဦးနှင့်အမျိုးသမီးလေးဦးပါဝင်သည်။

အီရတ်တွင် ရှီးယိုက်လူမျိုး ၆၀ ရာခိုင်နှုန်းရှိပြီး တောင်ပိုင်းတွင် နေထိုင်လျက်ရှိသည်။ ဆွန်နီ ၂၀ရာခိုင်နှုန်းသည် ဘဂ္ဂဒက်ဝန်းကျင်နှင့် အန်ဘာ ပြည်နယ်အနောက်ပိုင်း၌ နေထိုင်ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ကားဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

ဘဂ္ဂဒက်မြို့တွင် ဒီဇင်ဘာ ၂၉ ရက် နံနက်က ရဲတပ်ဖွဲ့ကင်းလှည့်ယာဉ်ကို ပစ်မှတ်ထားကာ ကားဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာသည်။

အခင်းဖြစ်ပွားသည့် နေရာမှာ အီရတ်ပြည်ထဲရေးဝန်ကြီးဌာန အနီး ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ်အနီး ကားဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

လက်နက်ကိုင် တိုက်ခိုက်ရေးသမားများသည် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည့် အီရတ်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များအား မကြာခဏ ကားဗုံးခွဲကာ တိုက်ခိုက်လေ့ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ကန်စစ်ယာဉ်ဗုံးထိမှန် ကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိ

ကဘူးလ် ဒီဇင်ဘာ ၃၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟီလ်မန်းပြည်နယ်တွင် ဒီဇင်ဘာ ၂၉ရက် နံနက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ယာဉ်ကို ဗုံးထိမှန်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသခံအရာရှိတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားသည့်နေရာမှာ ဟီရက်-ကင်ဒါဟာ အဝေးပြေးလမ်းပေါ်ရှိ ဂရစ်ခရိုင်တွင်ဖြစ်ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားလိုက်သည်။

ယင်းတိုက်ခိုက်မှုမှာ အာဖဂန်နစ္စတန်တွင် အမေရိကန်စစ်ဘက် တပ်ဖွဲ့ဝင်များကို လွန်ခဲ့သည့်နှစ်ရက်အတွင်း ဒုတိယအကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၂၈ရက်က အရှေ့ပိုင်း ကူနာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်ရာ၌ တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ယခုအချိန်အထိ အာဖဂန်နစ္စတန်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်မှာ ၈၀ကျော်ရှိသွားပြီ ဖြစ်သည်။

၂၀၀၅ ခုနှစ်စကတည်းက လက်နက်ကိုင်ပြောက်ကျားများနှင့် အစိုးရတပ်ဖွဲ့များ၊ အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာတွင် လူ၁၅၀၀ကျော် သေဆုံးခဲ့ပြီး အများစုမှာ လက်နက်ကိုင်ပြောက်ကျားများ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ယာဉ်ပျက်စီး

ဘဂ္ဂဒက်မြို့တွင် မော်တာကျည်ထိမှန်မှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်တစ်စီးကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သင်ထောက်ကူ ပစ္စည်းများဖြင့် ပညာသင်ယူနေသော ကျောင်းသားများကို ဒီဇင်ဘာ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့်စင်ကာပူနှစ်နိုင်ငံ အနာဂတ်ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာမည်ဟု စင်ကာပူဝန်ကြီးပြောကြား

စင်ကာပူ ဒီဇင်ဘာ ၃၁

တရုတ်နှင့်စင်ကာပူနိုင်ငံတို့၏ အနာဂတ်ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းလာမည်ဖြစ်ကြောင်း စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ရီအိုက စင်ကာပူ တရုတ်စီးပွားရေးအသင်း ထူထောင်သည့် ၃၅နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား ညစာစားပွဲတွင် ဒီဇင်ဘာ ၂၉ရက်၌ ပြောကြားလိုက်သည်။

မိမိတို့၏ ဆက်ဆံရေးသည် အစိုးရအချင်းချင်းသာမဟုတ်တော့ဘဲ လူငယ်လူရွယ်များ ပါဝင်သည့် ပြည်သူအချင်းချင်း ဆက်ဆံလာသည့် ဆက်ဆံရေးပင်ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ စီးပွားရေးဆက်ဆံမှုသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကြောင်း ရီအိုက ပြောကြားသည်။

မှတ်ချက်ပြု

စင်ကာပူနိုင်ငံသည် တရုတ်နိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်များ ရရှိနေကြောင်း၊ စင်ကာပူနိုင်ငံသည် တရုတ်နိုင်ငံ၏ ၂၀၀၄ခုနှစ်အထိ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု သတ္တမအကြီးဆုံးနိုင်ငံ ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးသည် ယခုနှစ်ကုန်ပိုင်းတွင် ကုန်သွယ်ရေးပိုငွေ စင်ကာပူ ဒေါ်လာ ဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၃၆ဘီလီယံ) အထိ ရှိလာမည်ဟုမျှော်လင့်ရကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

စင်ကာပူနိုင်ငံ၏ မူဝါဒသည် တရုတ်နိုင်ငံအား အာဆီယံနိုင်ငံများ အားလုံးနှင့်အတူ ကောင်းမွန်သော ဆက်ဆံရေးကို ထူထောင်ပေးရန် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ရုရှားနိုင်ငံ၌ ဆေးရုံတစ်ရုံမီးလောင် လူနာ ခုနစ်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရရှိ

မော်စကို ဒီဇင်ဘာ ၃၁

ရုရှားနိုင်ငံ မော်စကိုမြို့အနီးရှိ ဆေးရုံတစ်ရုံ ဒီဇင်ဘာ ၂၈ရက် ကြာသပတေးနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ လူနာခုနစ်ဦး သေဆုံးပြီး အနည်းဆုံး ၁၂ဦးဒဏ်ရာ ရရှိခဲ့ကြောင်း မော်စကိုအာဏာပိုင်များက ပြောကြားသည်။

ပြောကြား

ဖြစ်ပွားမှုမှာ မော်စကိုမြို့မှ အရှေ့တောင်ဘက် ၈၃မိုင်ခန့်အကွာရှိ ဒီမစ်ထရိုစကီကျေးရွာရှိ ဆေးရုံဒုတိယထပ်၌ ကြာသပတေးနေ့ နံနက် လေးနာရီခန့်က မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံအရေးပေါ်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ရွှေ့ပြောင်းပေး

အဆိုပါ ဆေးရုံ၌ လူနာ ၅၃ဦး ရှိနေပြီး အခင်းဖြစ်ပွားချိန်တွင် ဝန်ထမ်း နှစ်ဦးသာရှိနေသည်။ မီးလောင်မှုကြောင့် လူနာ ခုနစ်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း ကျန်လူနာများကို အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဗီယက်နမ်နိုင်ငံ၏စာတတ်မြောက်မှုနှုန်း ၉၅ဒသမ၄ရာခိုင်နှုန်းရှိ ပညာရေးကဏ္ဍဖွံ့ဖြိုးရန် ၂၀၀၆ခုနှစ်၌ ဒေါ်လာ၃ဘီလီယံကျော်သုံးစွဲမည်

ဟန္နိုင်း ဒီဇင်ဘာ ၃၁

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ခုနှစ်တွင် ပညာရေးကဏ္ဍ၌ နိုင်ငံတော်ဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၃ဒသမ ၂ဘီလီယံခန့်ကို သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ယင်းပမာဏသည် ၂၀၀၅ခုနှစ် ပညာရေးကဏ္ဍ သုံးစွဲခဲ့မှုထက် ၃၃ရာခိုင်နှုန်းကျော် မြင့်မားကြောင်း ဗီယက်နမ်နိုင်ငံပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာနမှ ဒီဇင်ဘာ ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့ ပညာရေးကဏ္ဍအတွက် ငွေကြေးများသုံးစွဲရာ၌ အများစုမှာ ကျောင်းဆရာ ဆရာမများအတွက် လစာငွေကြေးများ၊ သင်ရိုးညွှန်းတမ်းများ သင်ကြားမှု ပြုပြင်ပြောင်းလဲရန် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူလတန်းပညာရေးကဏ္ဍများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ပညာရေး ဒုတိယဝန်ကြီး ဖန်ဗူလန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် လူဦးရေ ၈၃သန်းကျော်ရှိရာ ကျောင်းသားကျောင်းသူ ဦးရေမှာ ၂၂ဒသမ ၅သန်းခန့်ရှိသည်။ ယင်းအရေအတွက်မှာ မူကြိုကျောင်းမှ အဆင့်မြင့်တန်းကျောင်းအထိ ၂၀၀၅ခုနှစ်အတွင်း ရှိသော ကျောင်းသားကျောင်းသူ အရေအတွက်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းပေါင်း ၂၁၄ ကျောင်းရှိပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်ရေးဌာန ၅၄၆ခုရှိကာ မူလတန်းကျောင်းပေါင်း ၂၆၃၅၉ကျောင်းရှိကြောင်း သိရသည်။

စာတတ်မြောက်

ဗီယက်နမ်နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၅ဒသမ ၄ရာခိုင်နှုန်းရှိပြီး လူ ၁၀၀၀လျှင် ၁၃ဦးမှာ တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ပီရူး၌ ရောဂါဆန်းတစ်မျိုးဖြစ်ပွား ခုနစ်ဦးသေဆုံး၊ ၇၃ဦး ဝေဒနာခံစားနေရ

လီမာ ဒီဇင်ဘာ ၃၁

ပီရူးနိုင်ငံမြောက်ပိုင်း အမေဇုံးနားပြည်နယ် အမေဇုံတောတောင်ဒေသတွင် မကြာသေးမီက ထူးဆန်းသော ဝေဒနာများဖြစ်ပွားခဲ့သဖြင့် လူခုနစ်ဦး သေဆုံးပြီး ၇၃ဦး ဝေဒနာခံစားခဲ့ရကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ရက်တွင် အတည်ပြုပြောကြားသည်။

ရောဂါလက္ခဏာ

ရောဂါဝေဒနာရှင်များသည် အပူကြီးခြင်း၊ အထွေထွေအားနည်းခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်းကဲ့သို့ ရောဂါလက္ခဏာများ ပြသကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

စေလွှတ်ထား

ဝေဒနာရှင်များအား ပြုစုကုသနိုင်ရေးအတွက် ဝေဒနာခံစားနေရသော ဒေသများသို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများအား ပီရူးကျန်းမာရေးဝန်ကြီးဌာနက စေလွှတ်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကယ်လီဖိုးနီးယား၌ ဟိုတယ်မီးလောင် ခရစ္စမတ်သစ်ပင်မှ မီးလောင်ခြင်းဖြစ်

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၃၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ အနာဟိမ်မြို့တွင် ဒီဇင်ဘာ ၂၈ရက် ဗုဒ္ဓဟူးနေ့က ခရစ္စမတ်သစ်ပင်တစ်ပင် မီးလောင်မှုဖြစ်ပွားရာ ဂရင်းကယ်လီဖိုးနီးယားဟိုတယ်မှ ဧည့်သည် ၂၀၀၀ကျော်ကို အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အနာဟိမ်မြို့ရှိ ကမ္ဘာကျော်အပန်းဖြေ ပန်းဥယျာဉ်တစ်ခုအတွင်း တည်ဆောက်ထားသော ဂရင်းကယ်လီဖိုးနီးယားဟိုတယ်တွင် ၃၅ပေ မြင့်သော ခရစ္စမတ်သစ်ပင်တစ်ပင်မီးလောင်မှုကြောင့် အခန်း ၇၄၅ခန်းရှိ ယင်းဟိုတယ်မှ ဧည့်သည်များကို ရွှေ့ပြောင်းပေးခဲ့ရသည်။ မီးလောင်မှုကြောင့် လူနှစ်ဦးအနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပြောကြား

မီးလောင်မှု စတင်ဖြစ်ပွားစဉ် ဧည့်သည်များ မိမိတို့ အခန်းမှ အမြန်ဆုံးထွက်ခွာကြရန် တိုက်တွန်းခဲ့ရကြောင်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မီးလောင်

မီးလောင်မှုကြောင့် ပျက်စီးမှုကို သတင်းအတိအကျမသိရသေးကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်၌ ကန်စစ်ယာဉ်လမ်းဘေးဗုံးထိမှန် ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁

အမေရိကန်စစ်ယာဉ်တစ်စီး ဒီဇင်ဘာ ၂၉ရက်က ဘဂ္ဂဒက်အရှေ့ပိုင်း၌ လမ်းဘေးဗုံးထိမှန်ခဲ့၍ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ အမေရိကန်စစ်ယာဉ် တိုက်ခိုက်ခံရမှု အသေးစိတ်ကို ဖော်ပြထားခြင်းမရှိကြောင်း၊ အခင်းဖြစ်ပွားရခြင်းကို စုံစမ်းမှုများ ပြုလုပ်နေကြောင်း ၎င်းကြေညာချက်၌ ဖော်ပြသည်။

၂၀၀၃ခုနှစ် မတ်လက အီရတ်ကို အမေရိကန်ဦးဆောင်၍ တိုက်ခိုက်ခဲ့ကတည်းက အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၁၇၂ဦး ရှိသွားပြီဖြစ်ကြောင်း ယင်းကြေညာချက်၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသော မော်တော်ယာဉ်တစ်စီးအား မီးသတ်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၃၀ရက်က ငြိမ်းသတ်နေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

■ *ကျောဖုံးမှ*

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ၊ Jetropha Curcas ကြက်ဆူပင်စိုက်ပျိုးရန် စိတ်ပါဝင်စားသည့် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့အခါ၌ နိုင်ငံတော်အစိုးရက ဈေးနှုန်းကြီးမြင့်လာသည့် လောင်စာဆီသုံးစွဲမှုလျော့နည်း သက်သာစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အဘက်ဘက်မှ ကြံဆကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ကြံဆ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအပူပိုင်း ခြောက်သွေ့သောဒေသမှ စွတ်စိုသော နယ်မြေဒေသပိုင်းအထိ စိုက်ပျိုး ဖြစ်ထွန်းလျက်ရှိသည့် Jetropha Curcas ကြက်ဆူပင်ကိုကြိတ်၍ ရရှိသည့်ဆီကို လောင်စာဆီအဖြစ် အစားထိုးအသုံးပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အားထားကြိုးပမ်း

ရန်ကုန်တိုင်းအတွင်း Jetropha Curcas ကြက်ဆူပင် ဧကေါ်သိန်း စိုက်ပျိုးရန် ကြက်ဆူပင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်း၍ စနစ်တကျ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်မည့် စက်သုံးဆီ ဖြည့်ဆီးပေးနိုင်မည့်အပြင် ပြည်ပသို့ပင် တင်ပို့နိုင်မည်ဖြစ်၍ ကြက်ဆူပင်ဧကေါ်သိန်း စိုက်ပျိုးရေး အလေးထားကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ် ဦးမြင့်ဦးက ကြက်ဆူဆီစတင် ပေါ်ပေါက်လာပုံနှင့် အသုံးပြုပုံသမိုင်းအကျဉ်း၊ စိုက်ပျိုးရေးနည်းစနစ်နှင့် အသုံးပြုပုံ၊ ရရှိနိုင်သည့် အကျိုးကျေးဇူးနှင့် အကျိုးဖြစ်ထွန်းမှု၊ နှစ်ရှည်ပင် စိုက်ပျိုးရာတွင် သီးညှပ်ပင်အနေဖြင့် ထည့်သွင်း စိုက်ပျိုးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်း ကြက်ဆူပင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူးဦးလှစိုးက ရန်ကုန်တိုင်းအတွင်း ၂၀၀၆ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ သုံးနှစ်ကာလအတွင်း ကြက်ဆူပင်ဧကေ ါ်သိန်းစိုက်ပျိုးမည့် စီမံချက်မူကြမ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက တိုင်းအတွင်း ကြက်ဆူပင်စိုက်ပျိုးရန် ကြက်ဆူစေ့နှင့် ပျိုးပင်စုဆောင်းဖြန့်ဝေပေးလျက်ရှိသည့်အခြေအနေ၊ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ထားရှိမှုနှင့် ကြက်ဆူပင်စိုက်ပျိုးရာတွင် စိုက်ပျိုးရမည့် နည်းစနစ်နှင့် သတိပြုရမည့် အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြက်ဆူပင်စိုက်ပျိုးရန် စိတ်ပါဝင်စားသူ စိုက်ပျိုးရေးလုပ်ငန်းရှင်များက ကြက်ဆူပင်ပေါက်နှင့် ကြက်ဆူစေ့များ စုဆောင်းရေး၊ စိုက်ပျိုးရေး၊ ကြိတ်ခွဲရေး၊ ဘိုင်အိုဒီဇယ်အဖြစ် စမ်းသပ်အသုံးပြုရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် တိုင်းမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ပြသထားသော ကြက်ဆူပင်ပေါက်၊ ကြက်ဆူစေ့၊ ကြက်ဆူပွင့်၊ ကြက်ဆူသီး၊ ကြက်ဆူကိုင်းဖြတ်ပျိုးပင်၊ အစေ့ပျိုးပင်၊ ခြံစည်းရိုးကြက်ဆူပင်၊ ကြက်ဆူအစေ့ကြားမျိုးပင်၊ ကြက်ဆူပင် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးမှတ်တမ်းဓာတ်ပုံများ၊ ကြက်ဆူပင်မှရရှိသည့် ဘိုင်အိုဒီဇယ်ဖြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်တို့ကို မောင်းနှင်သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ဒေးယျုံဓမ္မဒူတခရီး

ရန်ကုန် ဒီဇင်ဘာ ၃၁

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယသည် ဇန်နဝါရီ ၄ ရက်တွင် သန်လျင်မြို့ ဦးလှထွန်းလွင်လမ်း ဦးကြည်၊ ဒေါ်မြကျင် မိသားစု အလှူပွဲ၌လည်းကောင်း၊ ရန်ကုန်မြို့ အင်းလျားလမ်း အနုမောဒနာတရားပွဲ၌လည်းကောင်း၊ ၈ ရက်-၉ ရက်များတွင် ဧရာဝတီတိုင်း ဓနုဖြူ ရေပြင်းချောင်း ဓမ္မသဘင်၌လည်းကောင်း၊ ၁၃ ရက်မှ ၂၁ ရက်အထိ သန်လျင်မဏ္ဍလာရာမ တရားစခန်းပွဲ၌လည်းကောင်း၊ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ပဲခူးမြို့ အောင်မင်းခေါင်ဘုရား ထီးတော်တင်ပွဲ၌လည်းကောင်း၊ ၃၀ ရက်နှင့် ၃၁ ရက်များ၌ အမ်းမြို့ ထီးတော်တင်ပွဲ၌လည်းကောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

❒ *ကျောဖုံးမှ*

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောက်ဆည် ဆင်အကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် ယခင်ကာလက သွားရေးလာရေးခက်ခဲသည့် ဤဒေသ၌ ပလိပ်နှင့် တံတားဦးကို ဆက်သွယ်ပေးမည့် ပန်းလောင်တံတားကို ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ဤအရပ်၊ ဤဝန်းကျင် ဆက်စပ်ရာ ဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအား များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည့်အတွက် များစွာကျေနပ် ဝမ်းမြောက်ရကြောင်း။

အကျိုးရလဒ်ကောင်း

ယနေ့ဖွင့်လှစ်သည့် ပန်းလောင်တံတားသည် ပေ၄၀၀ ရှည်လျားပြီး တပ်မတော်အစိုးရ လက်ထက်တွင် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် ပေ ၁၈၀အထက် တံတားကြီးများအနက် ၂၁၀ စင်းမြောက် တံတားဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်ခဲ့သည့် တံတားအနေဖြင့်မူ ၁၉၀ စင်းမြောက် တံတားဖြစ်ကြောင်း၊ ဤတံတားကို ဖွင့်လှစ်ပေးခြင်းဖြင့် ပလိပ်နှင့် တံတားဦးကို မော်တော်ကားဖြင့် အချိန်တိုစွာ သွားလာနိုင်တော့ မည်ဖြစ်၍ ဤဒေသအတွက် လမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံ တိုင်းရင်းသား ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်းလာမည် ဖြစ်ကြောင်း၊ ပြည်သူများအပိုင်းကလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးပွား ဖြစ်ထွန်းစေရေအောင် ဘေးပယောဂများကို ရှောင်ရှားပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပန်းလောင်တံတားဖွင့်ပွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းအနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီက ပေ၁၈၀အရှည်နှင့်အထက် တံတားကြီး ၁၈ စင်းသာ ရှိခဲ့ကြောင်း၊ ယနေ့အထိတံတားကြီး ၂၇စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည့်အတွက် တံတားကြီး ကိုးစင်း တိုးတက် တည်ဆောက်ပေးခဲ့ပြီဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ တံတားကြီးများမှာ ငါးစင်းရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် ပန်းလောင်တံတားသည် မန္တလေးတိုင်း တံတားဦးမြို့နယ် ပလိပ်-တံတားဦးလမ်းပေါ်၌ တည်ရှိကြောင်း၊ ပေ၄၀၀ ရှည်ပြီး ယာဉ်တစ်စီးချင်း တန် ၆၀ခံနိုင်ဝန်ရှိသည့် နှစ်လမ်းမောင်း ကြိုးတင်အားဖြည့်ကွန်ကရစ်တံတားကြီး ဖြစ်ကြောင်း၊ သံကူကွန်ကရစ် ရေတွင်းခွေအုတ်မြစ်နှင့် အောက်ထည် သံကူကွန်ကရစ်အပေါ်တွင် တည်ဆောက်ထားပြီး ခန်းဖွင့်ဖွဲ့စည်းပုံ ပေ၅၀ ခြောက်ခန်းနှင့် ပေ၁၀၀ တစ်ခန်း ပါဝင်ကြောင်း၊ တံတားအကျယ် ၂၄ ပေနှင့် တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်း သုံးပေစီ ပါဝင်ကြောင်း၊ ပန်းလောင်တံတား တည်ဆောက်မှုအတွက် ကုန်ကျစရိတ်မှာ ပြည်တွင်းငွေကျပ် သန်းပေါင်း ၁၄၀ နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ဝဒသမ ဝဝ၇သန်းဖြစ်ကြောင်း။

သွားလာနိုင်

ဤတံတားဖွင့်လှစ်သည့်အတွက် မုံရွာ-ရွှေဘိုဘက်မှ မောင်းနှင်လာသော မော်တော်ယာဉ်များသည် မြစ်ငယ်မြို့ဘက်မှတစ်ဆင့် ကွေ့ပတ်မောင်းနှင်ရန်မလိုတော့ဘဲ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း အလွယ်တကူ သွားရောက်နိုင်ပြီး ပလိပ်မြို့မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ကိုလည်း ဖြတ်လမ်းတစ်ခုအနေနှင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့်လည်း ဤလမ်းတံတားများကို ရေရှည်အသုံးပြုသွားနိုင်အောင် ထိန်းသိမ်းရင်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြော

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးကျော်ညွန့်က တံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များကို ရင်းနှီးစွာ နှုတ်ဆက်၍ ဧည့်ပရိသတ်များနှင့်အတူ တံတားကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် မုခ်ဦးနေရာသို့ သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်တို့သည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ကမ္ပည်း မော်ကွန်း ကျောက်စာတိုင်ကို တိုင်းမှူးနှင့် ဝန်ကြီးတို့က အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သည့် ပေ၁၈၀နှင့် အထက် တံတားများတွင် ယခုတံတားမှာ ၁၉၀ စင်းမြောက် တံတားဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မန္တလေးတိုင်း ကျောက် ဆည်ခရိုင် စဉ့်ကူမြို့နယ် ပန်းလောင်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

အထက(၁)လမ်းမတော်ကျောင်းသားဟောင်းမိတ်ဆုံပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

လမ်းမတော်မြို့နယ် အထက(၁) (ယခင်စိန့်ဂျွန်း)ကျောင်းသားဟောင်း များ၏ မိတ်ဆုံစားပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း ဇန်နဝါရီ ၇ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ဘဲလေးစားသောက်ဆိုင် နန်းသီတာ အဆောက်အအုံ ပန်းဆိုး တန်းဆိပ်ကမ်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

1-1 (06).p65 1 3/24/1905, 8:55 PM

ဝန်ကြီး ဦးအောင်သောင်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း) ကြည့်ရှုစစ်ဆေး ရေရှည်လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် အစီအမံများထားရှိရေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၃၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီတွင် ဧရာဝတီတိုင်း ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာစက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စက်ရုံအတွင်း တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော တစ်နေ့တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ စီမံကိန်း (သာပေါင်း)၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ မြို့ပြဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ပစ္စည်းများ ရောက်ရှိမည့် အခြေအနေများနှင့် စက်များ ရောက်ရှိပါက တစ်ဆက်တည်း စက်များ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများကို လည်းကောင်း၊ မြန်မာစက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဝင်းက တန် ၂၀၀ ပျော့ဖတ်စက်ရုံ (သာပေါင်း)၏ စက်စမ်းသပ်လည်ပတ်မှု စစ်ဆေးရန်နှင့်စက်ပစ္စည်းများနှင့် စက်အရန်ပစ္စည်းများ စုံလင်မှုရှိမရှိ စသည့် အချက် အလက်များကို လည်းကောင်းအသေးစိတ်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရေး၊ ထုတ်ကုန်ပစ္စည်း များ၏ စံချိန် စံညွှန်းမီရေး၊ အရည်အသွေး စစ်ဆေးရေးနှင့် စွန့်ပစ်ရေများကို စနစ်တကျသန့်စင်၍ ပတ်ဝန်းကျင် မထိခိုက်ရန် စွန့်ပစ်သွားရေး၊ အဆိုပါကိစ္စသည် အဓိက အရေးကြီးသည်ဖြစ်၍ ရေရှည် လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် အစီအမံများ ထားရှိဆောင်ရွက်သွားရေး မှာကြားသည်။

ဆက်လက်၍ စက်ရုံမှူး ဦးညွှန့်အောင်က ရရှိသောထုံးကျောက်များ၏ အခြေအနေများ၊ ဝါးကုန်ကြမ်းများ စုဆောင်းထားရှိမှုနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်မှုအခြေအနေများကို ဓာတ်ပုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက သန့်စင်သော ကုန်ကြမ်း ထုံးကျောက်များအား ဟိုင်းကြီးကျွန်းအနီး လေ့လာရှာဖွေသွားရေး၊ ကုန်ထုတ်လမ်းများကို စနစ်တကျ ဖောက်လုပ်၍ ဝါးကုန်ကြမ်းများကို အလျှင်မပြတ် သယ်ထုတ်စုဆောင်းသွားရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက္ကူနှင့် ပျော့ဖတ်စက်ရုံအတွက် စက်မှုကုန်ကြမ်းသစ် စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ဧက ၁၅၀ အတွင်း စိုက်ပျိုးထားသည့် သစ်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ စက်မှုကုန်ကြမ်း သစ်စိုက်ခင်းများကို တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး၊ ကြက်ဆူပင်များကို လည်း နေရာလပ်မကျန် စိုက်ပျိုးသွားရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝါးယားကျေးရွာသို့ ရောက်ရှိပြီး ဘောမိချောင်းအနီးရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် လေ့ကြီးတက်ကျေးရွာနှင့်ဝါးယား ကျေးရွာအကြား တစ်နေ့ တန်၆၀ သတင်းစာစက္ကူစက်ရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တစ်နေ့တန်၅၀ အဆင့်မြင့်စက္ကူ စက်ရုံစီမံကိန်းသို့ ရောက်ရှိပြီး မြို့ပြဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆင့်မြင့်စက္ကူများ

တစ်နေ့ တန်၅၀ အဆင့်မြင့် စက္ကူစက်ရုံသည် စက္ကူနှင့် ပျော့ဖတ် စက်ရုံအနီး တည်ဆောက်လျက် ရှိပြီး အဆင့်မြင့် စက္ကူစက်ရုံအနေဖြင့် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ဆောက်သည့် စက်ရုံဖြစ်သည်။ ယင်းစက်ရုံ တည်ဆောက်ပြီးစီးပါကအဆင့်မြင့် စက္ကူများဖြစ်သော Offset paper, Copying paper. Laser Typing paper, Light Weight Coated paper နှင့် Coated paper များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဝါးဖြတ်စက်ဌာနကိုလည်းကောင်း၊ ဝါးကွင်း၏ အခြေအနေများကို လည်းကောင်း၊ ဝေန်မြစ် ဆိပ်ခံတံတား၌ ပျော့ဖတ်ချပ်များအား သင်္ဘောပေါ်သို့ပို့ဆောင်မှု၊ ဝါးဖောင်များကို ကရိန်းများဖြင့် သယ်ယူမှုလုပ်ငန်းများ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ညနေ ၄ နာရီခွဲတွင် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ လုပ်ငန်းမှ တွေ့ရှိသော အားသာချက် အားနည်းချက်များနှင့် စပ်လျဉ်း၍ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် စက်ရုံရှင်းလင်းဆောင်၌ သာပေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များကို တွေ့ဆုံပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းများကြည့်ရှုစစ်ဆေး သတ်မှတ်ကာလအတွင်းစံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်တည်ဆောက်ရေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၃၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ ဖြူးမြို့နယ်ရှိ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေထိန်းမျှော်စင်နှင့် ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဇုန်နယ်အလိုက် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ အမှတ်(၁) ချဉ်းကပ်ဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းတပ်ဆင်ရန် ဥမင်လိုဏ်တူးဖော်နေမှု အခြေအနေနှင့် အမှတ်(၂) ချဉ်းကပ်ဥမင်လိုဏ် တူးဖော်ပြီးစီးမှုအခြေအနေတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆွေးနွေး ဆောင်ရွက်ပေးခဲ့သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကျောက်တံခါးမြို့နယ်၌ တည်ဆောက်လျက်ရှိသော ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းများ တပ်ဆင်ခြင်းလုပ်ငန်း၊ ရေယူဥမင်လိုဏ် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ပင်မတမံမြေဖို့ခြင်းလုပ်ငန်း၊ ရေထိန်းတံခါးနှင့် တမံအတွင်း ရေဝင်ရောက်မှုအခြေအနေတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၃၁ရက် နံနက်ပိုင်းတွင် ကျောက်တံခါးမြို့နယ်ရှိ ၂၃၀ ကေဗွီ သာယာကုန်း(ကျောက်တံခါး)ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီးနောက် စီမံကိန်းတာဝန်ရှိသူများနှင့်အတူ ဓာတ်အားခွဲရုံနှင့် ဓာတ်အားထိန်းချုပ်ခန်းဝင်း တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို စစ်ဆေးပြီး ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာဖြင့် ပတ်ဝန်းကျင်ဒေသသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပို့လွှတ်နိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ရွှေကျင်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်း၊ ပင်မတမံမြေဖို့ခြင်းလုပ်ငန်း၊ အရေးပေါ်ရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးပြီးနောက် **(အပေါ်ပုံ)** စီမံကိန်းအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း နှင့်အညီ ပြီးစီးအောင်တည်ဆောက်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းနှင့် ဇီဝဒီဇယ်ထုတ်ယူမှုဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်း ဇီဝဒီဇယ်ထုတ်ယူမှုနှင့် တိုင်းရင်းဆေးဖက်ဝင် အသုံးပြုမှုပညာဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ရက် နံနက် ၈နာရီက နယ်မြေခံတပ်နယ် နဝဒေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပို့ချ

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အမှာစကား ပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစန်းမောင်၊ မြန်မာ့နှစ်ရှည်လုပ်ငန်း ပြည်ခရိုင်မန်နေဂျာ ဦးထွန်းလင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)စက်မှုလယ်ယာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဟန်ခင်နှင့် ပြည်မြို့တိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်သန်းသန်းအေးတို့က ခြံစည်းရိုး ကြက်ဆူပင်နှင့်ပတ်သက်၍သိကောင်း စရာများကို အသီးသီးဆွေးနွေး ပို့ချကြသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများသည် ပိတောက်မြိုင် သစ်တောပျိုးဥယျာဉ်သို့သွားရောက်၍ ကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးထားမှုများကို ကြည့်ရှုလေ့လာကြရာ ပြည်ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက လိုက်လံရှင်းလင်းပြသသည်။

ဧကနှစ်သိန်းလျာထား

ပဲခူးတိုင်း(အနောက်ပိုင်း) အနေဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၀၈ခုနှစ်အတွင်း ကြက်ဆူပင် ဧကနှစ်သိန်းစိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၁၅ရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ ကျင်းပသော (၅၈)ကြိမ်မြောက် ပြည်နယ်၊ တိုင်းအသီးသီးမှ ပိဋကတ်သုံးပုံ စာပြန်၊ စာဖြေသံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ၌ အလှူရှင် မိခင်ကြီးဒေါ်ကျင်နုအားအမှူးထား၍ ဦးနေဇင်လတ်၊ ဒေါ်ခင်စန်းမိသားစု အမှတ်၈၁ (အေ/၁၀) စုပေါင်းလမ်း အင်းလျားမြိုင် ဗဟန်းမြို့နယ်မှ နာရေးကူညီမှုအသင်း (သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ(ရွှေဇီးကွက်) ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သီလအကြောင်းဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း ဗြဟ္မဝိဟာရဓမ္မာရုံတွင် သဒ္ဓမ္မဇောတိကဓဇ ဆုထူးပန်ဆရာဟန်က ဥပေါသထသီလ မကျိုးမပေါက်ရအောင် ဇန်နဝါရီ ၄ရက်၊ ၇ရက်နှင့် ၈ရက်များ၌ နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဟောပြောမည်ဖြစ်ရာ ဆုထူးပန် အဘိဓမ္မာ သင်တန်းသား သင်တန်းသူများနှင့် စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက် နိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပထမအဆင့်လည်းဖြစ်ပြီး အရေးကြီးဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိရာ ပြည်ထောင်စုကြီးတစ်ခုလုံးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံးကို ကိုယ်စားပြုထားသော ညီလာခံကိုယ်စားလှယ်များက နိုးကြားတက်ကြွစွာ ပါဝင်တက်ရောက် ဆွေးနွေးညှိနှိုင်းလျက်ရှိနေကြပါသည်။ အဆိုပါ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အသေးစိတ်အခြေခံရမည့် မူများကို ဆက်လက်ချမှတ်ပေးလျက်ရှိနေပါသည်။

အမျိုးသားညီလာခံကြီးက ချမှတ်ထားပြီးဖြစ်သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများအရ ပေါ်ပေါက်လာမည့် အနာဂတ်နိုင်ငံတော်၏ တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပြီးခဲ့သော ဆောင်းပါးဖြင့် ဆင့်ကမ်းဝေငှ ဖောက်သည်ချခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြဋ္ဌာန်းမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းများ ဆောင်ကြဉ်းသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ယခုဆောင်းပါးဖြင့် အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို တိုင်းရင်းသားပြည်သူတို့၏ မြင်ကွင်း၌ ထင်လင်းစွာ ပုံပေါ်လာရေးအတွက် ဘကြီးစိုး၊ ကြီးကြီးမြနှင့် ကျွန်တော်တို့၏ စကားဝိုင်းလေးမှ ဆွေးနွေးကြားသိရသမျှ ပြန်လည်တင်ပြလိုက်ရပါသည်။

ဘကြီးစိုး – လာဟေ့ မောင်ကျော်။ ဒီနေ့တော့ ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ဒီမိုကရေစီနည်းလမ်းတကျ ညီညီညွတ်ညွတ် မျှမျှတတနဲ့ ဘယ်လိုခွဲဝေကျင့်သုံးသွားမယ်ဆိုတာကို ဆွေးနွေးကြရအောင်။

ကြီးကြီးမြ– မင်းဘကြီးက မောင်ကျော့်ကို မှန်မှန်ကန်ကန် တိတိကျကျ ရှင်းပြနိုင်အောင်ဆိုပြီး မနေ့ညကတည်းက မှတ်စုမှတ်တမ်းတွေ ထုတ်နေတာကွယ့်။

စိုးမြကျော်– ဒါကြောင့်မို့ ဘကြီးတို့၊ ကြီးကြီးတို့ကို ကျွန်တော် အားကိုးတကြီးနဲ့ အမြဲပဲအပူကပ်နေရတာပါ ကြီးကြီး။

ဘကြီးစိုး – နိုင်ငံတစ်နိုင်ငံကို တည်ဆောက် ပုံဖော်ရာမှာ မဏ္ဍိုင်ကြီးသုံးရပ်နဲ့ တည်ဆောက်ရတယ်ဆိုတာ မောင်ကျော်တို့လဲ သိပြီးသားပါ။ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်တွေ ကြံ့ကြံ့ခိုင်ခိုင်နဲ့ မယိမ်းမယိုင်ရှိနေမှ နိုင်ငံတော်လဲ တည်တည်ငြိမ်ငြိမ်နဲ့ ရေရှည် ရပ်တည်သွားနိုင်မယ် မဟုတ်လား။

စိုးမြကျော်–မှန်ပါတယ်ဘကြီး။ နိုင်ငံတိုင်းမှာ ဥပဒေပြုရေးမဏ္ဍိုင်ကို ပုံဖော်တဲ့ လွှတ်တော်တွေက ပြည်သူလူထုအတွက် လိုအပ်တဲ့ဥပဒေတွေကို ဆွေးနွေးပြဋ္ဌာန်းပေးကြရတယ်။ ဟောင်းနွမ်းပြီး ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေအဟောင်းတွေကိုလဲ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း ပြုလုပ်ရတယ်။ ဒါ့အပြင် အရေးကြီးတဲ့ နိုင်ငံရဲ့မူဝါဒတွေကိုလဲ ချမှတ်ပေးရတယ်လို့ သိရှိမှတ်သားခဲ့ရပါတယ် ဘကြီး။ ဒါကြောင့်မို့ အနာဂတ်မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေးဆိုင်ရာတွေနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးစေလိုပါတယ်။

ဘကြီးစိုး– ဘကြီးတို့ အမျိုးသားညီလာခံက အခြေခံရမယ့်မူတွေ ချမှတ်ခဲ့ရာမှာ ဥပဒေပြုရေးနဲ့စပ်လျဉ်းပြီး **"နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များသို့ ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"**လို့ အဓိပ္ပာယ်ဖော်ပြ ချမှတ်ထားတယ်ကွယ့်။

စိုးမြကျော်– ဟုတ်ကဲ့ပါဘကြီး။ ဥပဒေပြုအဖွဲ့များရယ်လို့ လူအများသိထားကြတဲ့ လွှတ်တော်အဆင့်ဆင့်ကို ဘယ်လိုများ ဖွဲ့စည်းသွားမှာပါလဲ။

ဘကြီးစိုး– **လွှတ်တော် အဆင့်ဆင့်အနေနဲ့ ပြောရရင် ဗဟိုမှာ ပြည်ထောင်စု လွှတ်တော်ရှိမှာဖြစ်ပြီး အဲဒီပြည်ထောင်စု လွှတ်တော်ကို ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုတဲ့ လွှတ်တော်(၂)ရပ်နဲ့ ဖွဲ့စည်းသွားမှာဖြစ်တယ်။ ဒါ့အပြင် တိုင်းဒေသကြီးလွှတ်တော် (၇)ခုနဲ့ ပြည်နယ်လွှတ်တော်(၇)ခု၊ ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(၁)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့(၅)ခုတို့ကို ဖွဲ့စည်းသွားမှာဖြစ်တယ်။**

စိုးမြကျော်–ဒါဆိုကျွန်တော်နားလည်သဘောပေါက်သလို ဖော်ပြရရင်–

အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှုပုံသဏ္ဌာန်မှာ ဥပဒေပြုအဖွဲ့ (၇)ဖွဲ့ရှိလာမယ်။ အဲဒီ (၇)ဖွဲ့ကတော့–

(၁) ပြည်ထောင်စုလွှတ်တော်၊

(၂) ပြည်သူ့လွှတ်တော်၊

(၃) အမျိုးသားလွှတ်တော်၊

(၄) တိုင်းဒေသကြီးလွှတ်တော်၊

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အ

(၅) ပြည်နယ်လွှတ်တော်၊

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊

(၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ ဖြစ်တယ်လို့ ပြောလို့ရမယ် ထင်ပါတယ်။

ဘကြီးစိုး– မြင်သာထင်သာအောင် ပြောမယ်ဆိုရင်တော့အဲဒီအတိုင်းပြောလို့ရပါတယ်။ **ဗဟိုကနေ ဆင်းသက်မှုအရပြောရရင် (၁) ပြည်ထောင်စုလွှတ်တော် (ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်)၊ (၂) တိုင်းဒေသကြီးလွှတ်တော်များ/ ပြည်နယ်လွှတ်တော်များ၊ (၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များလို့ ဆိုရမှာ ဖြစ်တယ်။**

ကြီးကြီးမြ– ကိုစိုး အရင်ဆွေးနွေးခဲ့တဲ့ နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်မှာ ပြည်ထောင်စုနယ်မြေနှစ်ခုလဲ ပါခဲ့တယ် မဟုတ်လား။ အဲဒီ ပြည်ထောင်စုနယ်မြေ နှစ်ခုအတွက်ရော ဥပဒေပြုအဖွဲ့ သီးခြားမရှိဘူးလား။

စိုးမြကျော်– ကြီးကြီးပြောတဲ့ အဲဒီအချက်ကို ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – ဟိုတစ်နေ့က ဘကြီးတို့ဆွေးနွေးကြတဲ့အထဲမှာ ပြည်ထောင်စုနယ်မြေ နှစ်ခုအကြောင်း ဆွေးနွေးခဲ့တယ်နော်။ ရန်ကုန်မြို့တော်နဲ့ ကိုကိုးကျွန်းကို ပြည်ထောင်စု နယ်မြေတွေအဖြစ် ဖွဲ့စည်းသွားမယ်လို့ ဆိုခဲ့တယ်။ အဲဒီ ပြည်ထောင်စုနယ်မြေတွေကို နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအောက်မှာ တိုက်ရိုက်ထားရှိမယ်ဆိုပေမယ့် နိုင်ငံတော်သမ္မတက ရန်ကုန်မြို့တော်အတွက် ရန်ကုန် မြို့တော်ကောင်စီကို ဖွဲ့စည်းအုပ်ချုပ်စေမှာ ဖြစ်သလို ကိုကိုးကျွန်းကိုလဲ ရန်ကုန်မြို့တော် အုပ်ချုပ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်သွားစေမှာ ဖြစ်တယ်ကွယ့်။

စိုးမြကျော်– ဒါဆို အဲဒီ ပြည်ထောင်စုနယ်မြေ (၂)ခုရဲ့ ဥပဒေပြုမှုကိုလဲ နိုင်ငံတော်သမ္မတ၊ ဒါမှမဟုတ် သမ္မတက ဖွဲ့စည်း တာဝန်ပေးအပ်ထားတဲ့ ရန်ကုန်မြို့တော်ကောင်စီကပဲ ဆောင်ရွက်သွားမှာလား ခင်ဗျာ။

ဘကြီးစိုး– အဲဒီလိုသာဆိုရင် ဒီမိုကရေစီနည်းလမ်းမကျတဲ့အပြင် အချုပ်အခြာအာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးမယ်လို့ ချမှတ်ထားတဲ့ အခြေခံမူနဲ့လဲ ဘယ်ညီနိုင်တော့မလဲကွယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေ(၂)ခုရဲ့ ဥပဒေပြုမှုအာဏာကို သမ္မတက မကိုင်တွယ်ဘဲ ပြည်ထောင်စုလွှတ်တော်ကပဲ ကိုင်တွယ်ဆောင်ရွက်ပေးဖို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်။

စိုးမြကျော်– သဘောပေါက်ပါပြီ ဘကြီး။ ခုနက ဆွေးနွေးခဲ့ကြတဲ့ ဥပဒေပြုအဖွဲ့ (၇)ဖွဲ့ရဲ့ အခေါ်အဝေါ် အသုံးအနှုန်း ဖွဲ့စည်းပုံတွေနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး– **ပြည်သူ့လွှတ်တော်ဆိုတာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေကို အခြေခံပြီး ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီအမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်တွေရယ် စုပေါင်းပြီး ဖွဲ့စည်းတဲ့ လွှတ်တော်ပဲဖြစ်တယ်။**

စိုးမြကျော်– အမျိုးသားလွှတ်တော် ဆိုတာကကော ဘကြီး။

ဘကြီးစိုး– **အမျိုးသားလွှတ်တော်ဆိုတာကတော့ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေက ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေရယ် စုပေါင်းပြီး ဖွဲ့စည်းတဲ့ လွှတ်တော်ပဲဖြစ်တယ်။**

စိုးမြကျော်– ဒါဆို အဲဒီ လွှတ်တော်နှစ်ရပ်နဲ့စပ်လျဉ်းပြီး ထင်သာမြင်သာအောင် ပြောမယ်ဆိုရင် **လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို "ပြည်သူ့လွှတ်တော်" (House of Representatives)၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကို "အမျိုးသားလွှတ်တော်" (House of Nationalities)လို့ ဆိုရမှာပေါ့ ဘကြီး။**

ဘကြီးစိုး– အဲဒီ အဓိပ္ပာယ်ပါပဲကွယ်။ **အဲဒီ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုတဲ့ လွှတ်တော်(၂)ရပ် ပါဝင်ပြီး ဖွဲ့စည်းမယ့်လွှတ်တော်ကို "ပြည်ထောင်စုလွှတ်တော်" လို့ ခေါ်ဝေါ်သွားလိမ့်မယ်။**

စိုးမြကျော်– ဒါဆို ပြည်ထောင်စုလွှတ်တော်ဟာ ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ ဖွဲ့စည်းတဲ့ လွှတ်တော်မဟုတ်ဘူးပေါ့နော် ဘကြီး။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အ
အတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စ
ဆွေးနွေး ချမှတ်ပေး လျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေးစိတ်
လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့်အနှ
လာနိုင်မည် ဖြစ်ပါသည်။ ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌ
ရှုမြင်နိုင်ရေး အတွက် အမျိုးသားညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြ

ဘကြီးစိုး– **ပြည်ထောင်စုလွှတ်တော်ကို သီးခြားရွေးကောက်တင်မြှောက်မှုနဲ့ ဖွဲ့စည်းမှာမဟုတ်ဘူး။ ခုနက ဘကြီးပြောတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသား လွှတ်တော်ဆိုတဲ့ လွှတ်တော်နှစ်ရပ်ကို ပေါင်းပြီး ပြည်ထောင်စုလွှတ်တော် အဖြစ် ဖွဲ့စည်းသွားမှာဖြစ်တယ်။ ပြည်ထောင်စုကြီး တစ်ခုလုံးအတွက် ဥပဒေပြုမှုများကိုတော့ အဲဒီ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် တို့က တာဝန်ယူဆောင်ရွက်ပေးကြမှာ ဖြစ်တယ်။**

စိုးမြကျော်– တိုင်းဒေသကြီးလွှတ်တော်တွေနဲ့ ပြည်နယ်လွှတ်တော် တွေကိုလဲ ဥပဒေပြုပိုင်ခွင့်ပေးအပ်ဖို့ ထည့်သွင်းဖွဲ့စည်း ထားတာပဲ မဟုတ်လား ဘကြီး။

ဘကြီးစိုး– **မှန်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်တွေနဲ့ ပြည်နယ် လွှတ်တော်တွေကတော့ အဓိကအားဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ပေးထားတဲ့ လုပ်ပိုင်ခွင့်အတွင်း ကနေ ၎င်းတို့နဲ့သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ဒါမှမဟုတ် ပြည်နယ်တွေအတွက် လိုအပ်မယ့် ဥပဒေတွေကို ပြဋ္ဌာန်း နိုင်ကြမှာ ဖြစ်ပါတယ်။**

စိုးမြကျော်– **တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ်(၇)ခုအနေနဲ့ မိမိတို့ နယ်မြေဒေသအလိုက် သက်ဆိုင်ရာ လွှတ်တော်တွေ၊ တစ်နည်းဆိုရရင် ဥပဒေပြုရေးဆိုင်ရာ အဖွဲ့တွေ ဖွဲ့စည်း လာနိုင်တာဖြစ်သလို ဥပဒေပြုရေးဆိုင်ရာ အာဏာကိုလဲ ခွဲဝေကျင့်သုံးခွင့် ရရှိလာတာဟာ မျက်မှောက်ခေတ်ရဲ့ သမိုင်းကဏ္ဍသစ်တစ်ရပ်ပဲနော် ကြီးကြီး။**

ကြီးကြီးမြ– ဟုတ်တယ် မောင်ကျော်ရေ။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဒို့နိုင်ငံမှာ ဟိုအရင်က ဥပဒေပြု အဖွဲ့ အစည်းအဖြစ် ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်၊ အဲဒီလွှတ်တော်(၂)ရပ်ပေါင်းတဲ့ ပါလီမန်နဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ကောင်စီ များသာ ရှိခဲ့တယ်။ ၁၉၇၄ဖွဲ့စည်းပုံ အခြေခံဥပဒေကျပြန် တော့ ပြည်သူ့လွှတ်တော်တစ်ခုတည်းပဲ ရှိခဲ့တယ်။ **အနာဂတ် နိုင်ငံတော်မှာတော့ ဥပဒေပြုမှုအဖွဲ့တွေအဖြစ် ခုနက မင်းဘကြီးပြောတဲ့ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အပြင် တိုင်းဒေသကြီး လွှတ်တော် (၇)ခုနဲ့ ပြည်နယ်လွှတ်တော်(၇)ခုကိုသာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသဦးစီးအဖွဲ့တွေကိုပါ ဖွဲ့စည်းပြီး ဥပဒေပြုခွင့် အာဏာခွဲဝေအပ်နှင်းတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံ ရမယ့်မူတွေ ချမှတ်ပေးပြီးဖြစ်လို့ ဒီမိုကရေစီနည်းလမ်း တကျနဲ့ တိုင်းရင်းသားအားလုံး မျှမျှတတ ဥပဒေပြုခွင့် ရရှိကြမှာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေတယ်လေ။**

ဘကြီးစိုး– ဒါဟာ ပြည်သူ့ထံမှ ပြည်သူထံသို့ဆိုတဲ့ နိုင်ငံတော်အာဏာ ခွဲဝေသက်ဆင်းမှုဖြစ်တာမို့ တိုင်းရင်းသားပြည်သူ တစ်ရပ် လုံးက နှစ်ထောင်းအားရ သဘောကျကြမှာ ကေန်ပါပဲကွယ်။

စိုးမြကျော်– အားလုံး နှစ်ထောင်းအားရရှိလာကြမှာ အမှန်ပါပဲခင်ဗျာ။ ဒါနဲ့ ဗဟိုမှာရော တိုင်းဒေသကြီးတွေနဲ့ ပြည်နယ် တွေမှာပါ ဥပဒေပြုအဖွဲ့အသီးသီးကို လွှတ်တော်လို့ ခေါ်ဝေါ်သုံးစွဲ ထားပေမယ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတွေရဲ့ ဥပဒေပြုအဖွဲ့ကိုတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့လို့ပဲ ခေါ်ဝေါ်သုံးစွဲထားတာ တွေ့ရပါတယ်။ အဲဒီအချက်ကို ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး– **ပြည်ထောင်စုနဲ့ တိုင်းဒေ**
ဥပဒေပြုခွင့် အာဏာကို လွ
အုပ်ချုပ်မှုအာဏာကိုတော့
ကြတယ်။ ဥပဒေပြုခွင့်အ
ခွဲဝေကျင့်သုံးစေတယ်။
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ
အာဏာနဲ့ အုပ်ချုပ်ရေးအ
တစ်ခုတည်းကပဲ ကိုင်တ
ဒါကြောင့်မို့ ကိုယ
ဒေသတွေမှာ တော့ လွှ
မသုံးနှုန်းတော့ဘဲ
သုံးနှုန်းတာဖြစ်တယ်ကွယ
သလို၊ အနှစ်သာရမှာတော့

ကြီးကြီးမြ– **ဒါဟာ လျော်ကန်သင့်မြ**
တစ်ဆက်တစ်စပ်တည်း
လူမျိုးစုတွေအတွက် သူတို့
တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွ
ပိုပြီး ထိထိရောက်ရောက်
အာဏာနဲ့ အုပ်ချုပ်ရေးအ
နည်းလမ်းတကျနဲ့ ပူးတွဲ
နော်။

စိုးမြကျော်– မှန်ပါတယ်ကြီးကြီး။ ဒေသ
တွေရဲ့ အကျိုးစီးပွားကို သူ
ဥစ္စာရင်ခဲနဲ့ ဖိဖိစီးစီး ထိ
နိုင်အောင် ဖော်ဆောင်
တွေဖြစ်လို့ တကယ့်ကို

ဘကြီးစိုး– ဒါပေါ့ကွယ်။ ဒါဟာ အနာ
သဏ္ဌာန်အရ ပေါ်လွင်
အနှစ်သာရကို ကြည့်ရှု
တွေအတွက် ဒီမိုကရေစီ
ပြန့်ပြန့် ပွင့်လန်းလာစေ

ကြီးကြီးမြ– **ဟိုအရင် ၁၉၄၇ အခြေ**
(၄)ခုမှာသာ ပြည်နယ်
ချင်းဝိသေသတိုင်းက ဥပ
အခြေခံဥပဒေမှာတော့ ပြ
မရှိခဲ့ဘူး။ အခုဆိုရင် ဝ
(၇)ခုမှာပါ လွှတ်တော်တွေ
အာဏာကိုပါ ခွဲဝေရရှိ
မကဘဲ ကိုယ်ပိုင်အုပ်ချုပ်
ဒေသတွေအထိ ဥပဒေပြု
ရရှိအောင် လမ်းညွှန်ဖော်
အမျိုးသားညီလာခံ ကိုယ
မည်ကာမတ္တ စေတနာမဟု
ချင် ပါတယ်ကွယ်။

စိုးမြကျော်– ဟုတ်ကဲ့ပါ ကြီးကြီး။ ကျွန်
အကဲတွေရဲ့ ဩဝါဒအမှာ
တွေ၊ သဘောထားအမြင်
ခံယူပြီး လက်တွေ့လိုက်န
နေရလို့ နိုင်ငံတော်နဲ့
အကြွင်းမဲ့ သက်ဝင်ယုံကြ
ထို့အတူပဲ မှန်ကန်သော

...ဉာဏ်နှင့် အနှစ်သာရ အပိုင်း(၁)

စိုးမြကျော်

...ကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ...ရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်း ... အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ...တော်၏ အသွင်သဏ္ဌာန်နှင့်အနှစ်သာရကို ရှုမြင်ပုံဖော် ...တ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့်အနှစ်သာရကို ... ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

ဘကြီးစိုး– ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေမှာ **ဥပဒေပြုခွင့် အာဏာကို လွှတ်တော်အသီးသီးက ကျင့်သုံးပြီး အုပ်ချုပ်မှုအာဏာကိုတော့ အစိုးရအဖွဲ့အသီးသီးက ကျင့်သုံးကြတယ်။ ဥပဒေပြုခွင့်အာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို ခွဲဝေကျင့်သုံးစေတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာတော့ ဥပဒေပြုခွင့်အာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာဦးစီးအဖွဲ့တစ်ခုတည်းကပဲ ကိုင်တွယ်ကျင့်သုံးခွင့် ပြုထားတယ်။ ဒါကြောင့်မို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသတွေမှာတော့ လွှတ်တော်လို့ မသုံးနှုန်းတော့ဘဲ ဦးစီးအဖွဲ့လို့သာ သုံးနှုန်းတာဖြစ်တယ်ကွယ့်။ အသွင်သဏ္ဌာန်အရ ထူးခြားသလို၊ အနှစ်သာရမှာတော့ အများကြီးပိုထူးတာပေါ့ကွယ်။**

ကြီးကြီးမြ– **ဒါဟာ လျော်ကန်သင့်မြတ်သော လူဦးရေရှိပြီး နယ်မြေတစ်ဆက်တစ်စပ်တည်း နေထိုင်လာကြတဲ့ တိုင်းရင်းသားလူမျိုးစုတွေအတွက် သူတို့နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရဲ့ အကျိုးစီးပွားကို ပိုပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင် ဥပဒေပြုခွင့်အာဏာနဲ့ အုပ်ချုပ်ရေးအာဏာကို သဘာဝကျကျ၊ တရားနည်းလမ်းတကျနဲ့ ပူးတွဲကျင့်သုံးစေလိုက်တဲ့ အနှစ်သာရပဲနော်။**

စိုးမြကျော်– မှန်ပါတယ်ကြီးကြီး။ ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုတွေရဲ့ အကျိုးစီးပွားကို သူတို့ ကိုယ်တိုင်ကိုယ်ကျ ဥစ္စာရင်လို ဥစ္စာရင်ခဲနဲ့ ဖိဖိစီးစီး ထိထိရောက်ရောက် ဆောင်ကြဉ်းနိုင်အောင် ဖော်ဆောင်ပေးလိုက်တဲ့ အခွင့်အလမ်းသစ်တွေဖြစ်လို့ တကယ့်ကို ဝမ်းသာစရာပါပဲ ခင်ဗျာ။

ဘကြီးစိုး– ဒါပေါ့ကွယ်။ ဒါဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှုအသွင်သဏ္ဌာန်အရ ပေါ်လွင်ထင်ရှားတဲ့ ထူးခြားမှုဖြစ်တယ်။ အနှစ်သာရကို ကြည့်ရင်လဲ တိုင်းရင်းသားလူနည်းစုတွေအတွက် ဒီမိုကရေစီအခွင့်အလမ်းတွေ ကျယ်ကျယ်ပြန့်ပြန့် ပွင့်လန်းလာစေတာပဲ ဖြစ်တယ်ကွယ့်။

ကြီးကြီးမြ– **ဟိုအရင် ၁၉၄၇ အခြေခံဥပဒေအရ ပြည်နယ်ကောင်စီ (၄)ခုမှာသာ ပြည်နယ်အလိုက် ဥပဒေပြုခွင့်ရှိခဲ့တယ်။ ချင်းဝိသေသတိုင်းက ဥပဒေပြုခွင့်အာဏာ မရှိခဲ့ဘူး။ ၁၉၇၄ အခြေခံဥပဒေမှာတော့ ပြည်နယ်တွေမှာ ဥပဒေပြုခွင့်အာဏာ မရှိခဲ့ဘူး။ အခုဆိုရင် တိုင်းဒေသကြီး(၇)ခုနဲ့ ပြည်နယ် (၇)ခုမှာပါ လွှတ်တော်တွေ ဖွဲ့စည်းခွင့်ရှိလာပြီး ဥပဒေပြုခွင့်အာဏာကိုပါ ခွဲဝေရရှိလာတော့မှာဖြစ်တယ်။ ဒါတင်မကဘဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေအထိ ဥပဒေပြုခွင့်အာဏာကို ထိုက်သင့်မျှတစွာ ရရှိအောင် လမ်းညွှန်ဖော်ဆောင်ပေးနေတဲ့ နိုင်ငံတော်နဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များရဲ့ စေတနာဟာ မည်ကာမတ္တ စေတနာမဟုတ်ဘူးလို့ ကြီးကြီးက ပြောလိုက်ချင် ပါတယ်ကွယ်။**

စိုးမြကျော်– ဟုတ်ကဲ့ပါ ကြီးကြီး။ ကျွန်တော်တို့ကိုယ်တိုင်က နိုင်ငံ့အကြီးအကဲတွေရဲ့ ဩဝါဒအမှာစကားတွေ၊ လုပ်ငန်းလမ်းညွှန်မှုတွေ၊ သဘောထားအမြင်တွေကို နေ့စဉ်နဲ့အမျှ ကြားနာခံယူပြီး လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည်ဖော်နေရလို့ နိုင်ငံတော်နဲ့ အကြီးအကဲများရဲ့ စေတနာကို အကြွင်းမဲ့ သက်ဝင်ယုံကြည်လျက် ရှိနေတာဖြစ်ပါတယ်။ ထို့အတူပဲ မှန်ကန်သော သတင်းစကားတွေကို တစ်ဆင့်စကား တစ်ဆင့် နားကြားရုံတင်မကဘဲ နိုင်ငံတော်ရဲ့စေတနာမေတ္တာအသီးအပွင့်တွေကို မျက်မြင်ကိုယ်တွေ့ ကိုယ်ထိလက်ရောက် ရရှိခံစားနေကြရတဲ့ တိုင်းရင်းသားပြည်သူတွေကလဲ နိုင်ငံတော်ရဲ့ မွန်မြတ်ဖြူစင်တဲ့ လုပ်ဆောင်ချက်တွေကို သဘောပေါက်နေကြပါတယ်။

ဘကြီးစိုး– ဒါပေါ့ကွယ်။ **ဒို့နိုင်ငံရဲ့ နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုမှာ အရေးအကြီးဆုံး အပိုင်းဖြစ်တဲ့ အမျိုးသားညီလာခံကြီးကနေ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ ဆွေးနွေးချမှတ်ပေးနေတဲ့ အခြေခံမူတွေ၊ အခြေခံရမယ့် မူတွေနဲ့စပ်လျဉ်းပြီး ပြည်သူတွေ ပိုမို နားလည်သဘောပေါက်လာတာနဲ့အမျှ နိုင်ငံတော်ရဲ့ အနာဂတ်ခရီးလမ်းမှာ တစ်စိတ်တစ်ဝမ်းတည်း ဦးထမ်းပဲ့ထမ်းနဲ့ ပိုမိုဖြောင့်တန်းသာယာ ခရီးတွင်လာမှာ သေချာပါတယ်။**

စိုးမြကျော်– ဟုတ်ကဲ့ပါဘကြီး။ ဗဟိုကနေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတွေအထိ ဥပဒေပြုခွင့်အာဏာခွဲဝေပေးထားတာဟာ တရားမျှတပြီး သဘာဝလဲ ကျပါတယ်။ ပြည်ထောင်စုနယ်မြေတွေအတွက် ဥပဒေပြုခွင့်ကိုတော့ ပြည်ထောင်စုလွှတ်တော်ထံ အပ်နှင်းထားတယ်လို့ သိရတာမို့ အဲဒီလို ဥပဒေပြုတဲ့အခါမှာ ဥပဒေပြုခွင့် အကြောင်းအရာတွေ သတ်မှတ်ပိုင်းခြားထားတာ ရှိ မရှိ သိပါရစေ။

ဘကြီးစိုး– ပြည်ထောင်စုနယ်မြေတွေအတွက် ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုလွှတ်တော်ထံ အပ်နှင်းထားတာမို့ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသမျှ ဥပဒေတွေဟာ ပြည်ထောင်စုနယ်မြေတွေအပေါ်မှာလဲ အာဏာသက်ရောက်မှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေပြုစာရင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ဒေသ ဥပဒေပြုစာရင်းတွေမှာပါတဲ့ အကြောင်းအရာတွေကိုပါ ပြည်ထောင်စုနယ်မြေတွေအတွက် ဥပဒေပြဋ္ဌာန်းပေးဖို့လိုအပ်ရင် ပြည်ထောင်စုလွှတ်တော်က လိုအပ်တဲ့ဥပဒေကို ပြဋ္ဌာန်းပေးရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်ကွယ့်။ ဒါကြောင့်မို့ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စု လွှတ်တော်ကသာ ကိုင်စွဲကျင့်သုံးမှာဖြစ်ပြီး ပြည်ထောင်စုနယ်မြေကို တိုက်ရိုက်အုပ်ချုပ်တဲ့ နိုင်ငံတော်သမ္မတမှာ သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ ကောင်စီမှာသော်လည်းကောင်း ကျင့်သုံးခွင့် ရှိမှာမဟုတ်ဘူး။

စိုးမြကျော်– **အခုလို ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ခြုံငုံစဉ်းစားသလို နယ်မြေအသီးသီးအတွက်ပါ သီးခြားစီ စဉ်းစားပြီး သင့်တော်မှန်ကန်တဲ့ ဥပဒေပြုခွင့်တွေကို အကြောင်းအရာအလိုက် ပိုင်းခြားသတ်မှတ်ပေးထားတာဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့အကျိုးကို ဦးစားပေး ရှေးရှုထားတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်ခင်ဗျာ။**

ကြီးကြီးမြ– ဥပဒေပြုခွင့်အာဏာကို အဲဒီလို အဆင့်ဆင့်ခွဲဝေအပ်နှင်းသွားရာမှာ တစ်ဆင့်နဲ့တစ်ဆင့် မတူညီသော ဥပဒေပြုမှုတွေရှိလာပြီး ဝိရောဓိဖြစ်စရာတွေနဲ့ ကြုံလာခဲ့ရင် ဘယ်လိုအဆုံးအဖြတ်နဲ့ ဘယ်ဥပဒေကို အတည်ယူရမှာလဲဆိုတာ ရှင်းပြပေးပါဦးကိုစိုး။

ဘကြီးစိုး– အဲဒီအတွက်လဲ သို့လောသို့လော အငြင်းပွားဖွယ်ရာမဖြစ်ရအောင် ဒီမိုကရေစီနည်းလမ်းတကျဖြစ်အောင် ကြိုတင်မျှော်တွေးပြီး ပုံဖော်ပေးထားပါတယ်။ **ဥပမာပြောရရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ ဒါမှမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွေက ပြဋ္ဌာန်းတဲ့ဥပဒေဟာ ၎င်းတို့ရဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး လွှတ်တော်/ပြည်နယ်လွှတ်တော်တို့က ပြဋ္ဌာန်းတဲ့ ဥပဒေနဲ့ ဆန့်ကျင်နေမယ်ဆိုရင် တိုင်းဒေသကြီးလွှတ်တော်၊ ဒါမှမဟုတ် ပြည်နယ် လွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေကိုသာ အတည်ယူရမယ်လို့ သတ်မှတ်ထားတယ်။**

စိုးမြကျော်– **အနည်းစုက အများစုရဲ့ဆန္ဒကို လေးစားလိုက်နာရတဲ့ ဒီမိုကရေစီ အနှစ်သာရပါပဲခင်ဗျာ။**

ဘကြီးစိုး– **အလားတူပဲ တိုင်းဒေသကြီးလွှတ်တော် ဒါမှမဟုတ် ပြည်နယ်လွှတ်တော်တွေက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေဟာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေနဲ့ ဆန့်ကျင်နေမယ်ဆိုရင်လဲ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေကိုသာ အတည်ယူရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်ထားတယ်ကွယ့်။**

စိုးမြကျော်– **နိုင်ငံတော်ရဲ့ အစိတ်အပိုင်းတွေက အလုံးစုံသော နိုင်ငံတော်ရဲ့ အဆုံးအဖြတ်ကို လေးစားလိုက်နာရတဲ့ သဘောမို့ ဒီမိုကရေစီ အနှစ်သာရ ပြည့်ဝနေပါတယ်ဘကြီး။**

အနာဂတ် နိုင်ငံတော်မှာတော့ ဥပဒေပြုမှု အဖွဲ့တွေအဖြစ် ခုနက မင်းဘကြီး ပြောတဲ့ ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်တို့အပြင် တိုင်းဒေသကြီး လွှတ်တော် (၇) ခုနဲ့ ပြည်နယ်လွှတ်တော် (၇) ခုကို သာမက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေကိုပါ ဖွဲ့စည်းပြီး ဥပဒေပြုခွင့် အာဏာခွဲဝေအပ်နှင်းတဲ့ အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေ ချမှတ်ပေးပြီး ဖြစ်လို့ ဒီမိုကရေစီနည်းလမ်းတကျနဲ့ တိုင်းရင်းသား အားလုံး မျှမျှတတ ဥပဒေပြုခွင့် ရရှိကြမှာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေ တယ်လေ။

ကြီးကြီးမြ– တကယ်လို့များ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီး အဖွဲ့တွေက ပြဋ္ဌာန်းလိုက်တဲ့ဥပဒေဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ အနေအထားကို ရောက်ရှိလာရင်ကော ဘယ်လိုဆက်လက်ဆောင်ရွက်သွားမှာလဲ ကိုစိုး။

ဘကြီးစိုး– အဲဒါလဲ ရှင်းပါတယ်ကွယ်။ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ပြည်သူတွေက အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာကို ဘယ်သူတွေအနေနဲ့ ဘယ်လောက်အတိုင်းအတာအထိ ခွဲဝေကျင့်သုံးရမယ်ဆိုတာ ပြဋ္ဌာန်းပြီး တာဝန်ပေးအပ်ထားတာဖြစ်တာမို့ ဖွဲ့စည်းပုံအခြေခံဥပဒေသည်သာ ဒို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွက် အခရာ ဖြစ်တယ်။ ဒါကြောင့်မို့ အဓိကကျတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ပြဋ္ဌာန်းချက်ကိုသာ အတည်ယူရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသော နှုန်းစံနဲ့သာ အရာရာကို တိုင်းတာ ကျင့်သုံးသွားရမှာဖြစ်တယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်တဲ့ ဘယ်ဥပဒေကိုမဆို ပြဋ္ဌာန်းလို့ မရဘူးလေ။**

ကြီးကြီးမြ– ဘယ်ခေတ် ဘယ်အခါကမျှ မရရှိခဲ့ဖူးတဲ့ ဒီမိုကရေစီပိုင်ခွင့်တွေကို မျက်မှောက်ခေတ်မှာ တိုင်းရင်းသားလူမျိုးစုငယ်တွေအထိ ရရှိကြတော့မှာဖြစ်လို့ ကြီးကြီးတို့တော့ မုဒိတာပွားပြီး အားရနေမိပါရဲ့ကွယ်။

စိုးမြကျော်– မှန်ပါတယ်ကြီးကြီး။ ဟိုအရင် ကြီးကြီးတို့ကြုံခဲ့ရ ဆုံခဲ့ရတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ နှိုင်းယှဉ်ရင် ဘယ်လိုအနေအထား ရှိနေပါသလဲခင်ဗျာ။

ကြီးကြီးမြ– **ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်၊ အဲဒီလွှတ်တော် (၂)ရပ်ပေါင်းထားတဲ့ ပါလီမန်နဲ့ပြည်နယ်ကောင်စီ (၄)ခုကပဲ ဥပဒေပြုခွင့် ရှိခဲ့တယ်ကွယ့်။ ထို့အတူပဲ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ ပြည်သူ့လွှတ်တော်တစ်ရပ်တည်းကသာ တစ်နိုင်ငံလုံးအတွက် ဥပဒေပြုခွင့်အာဏာကို ကိုင်ဆောင်ထားခဲ့တယ်။ ဒါပေမယ့် အခုအခါမှာတော့ အမျိုးသားညီလာခံကြီးက နိုင်ငံတော်နဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ပကတိအရှိတရားကို အခြေခံပြီး အခုလို ဥပဒေပြုခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေပေးနိုင်ဖို့ လမ်းခင်းပုံဖော်ပေးနေတာဟာ ပို၍ပို၍ တရားနည်းလမ်းကျတာမို့ ကြီးကြီးတို့ကတော့ ဟိုအရင်ကထက်ပိုပြီး သဘောကျတယ်လို့ ပြောချင်တာပါပဲကွယ်။**

ဘကြီးစိုး– ဟိုခေတ်ဟိုအခါတွေကထက် ပိုပြီးတရားနည်းလမ်းကျလို့ ပိုပြီးသဘောကျစရာ ကောင်းတဲ့ အချက်အလက်တွေ၊ အကြောင်းအရာတွေ၊ တစ်နည်းဆိုရရင် အသွင်သဏ္ဌာန်ရော အနှစ်သာရတွေရော ရှင်းပြစရာအများကြီး ရှိနေသေးတယ်လို့ ဘကြီးကလဲ ကြိုပြောထားချင်ပါတယ်။

စိုးမြကျော်– **ဟုတ်ကဲ့ပါ ဘကြီး။ ရွှေအကြောင်းဖယောင်းသက်သေတည် ဆိုသလိုပါပဲ။ ဒီနေ့ နိုင်ငံတော်တာဝန်ကို ယူထားရတဲ့ တပ်မတော်အစိုးရဟာ အနာဂတ်နိုင်ငံတော်အတွက် အမွေခံ ပတ်ဝန်းကျင်ကောင်းတွေ ပြန့်ပွားထွန်းကားလာအောင်၊ ဒီမိုကရေစီအခွင့်အလမ်းတွေ မျှမျှတတရအောင်၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားအောင်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားအောင် ဘယ်လိုဖော်ဆောင်ပေးနေတယ်ဆိုတာ နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေက ထပ်လောင်းသက်သေပြလိမ့်မယ်လို့ ကျွန်တော်တို့ လုံးဝဥဿုံ ယုံကြည်လျက် ရှိနေကြပါတယ်ခင်ဗျား။**

ဘကြီးစိုး– ကောင်းလေစွ၊ ကောင်းလေစွလို့ ဆိုလိုက်ချင်ပါတယ်ကွယ်။ ဒို့နိုင်ငံ အကြီးအကဲများနဲ့ အမျိုးသားညီလာခံကြီးက ဥပဒေပြုရေးမဏ္ဍိုင်ကို နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင် ခိုင်ခိုင်မတ်မတ် စိုက်ထူပြီး မယိမ်းမယိုင် ကြံ့ကြံ့ခိုင်အောင် ဘယ်လိုဖွဲ့စည်း ပုံဖော်ပေးနေသလဲဆိုတာ ဒီ့ထက်ပိုပြီး အကျယ်ရှင်းပြမှ မြင်ကွင်းကျယ်ကျယ်နဲ့ အပ်ကျမပ်ကျ မြင်နိုင်မှာမို့ နောက်တစ်ပတ်ကျမှ ဆက်ကြသေးတာပေါ့ကွယ်။

စိုးမြကျော်– ကျေးဇူးအထူးတင်ပါတယ်လို့ ပြောကြားရင်း ဘကြီးနဲ့ကြီးကြီး တို့ကို ဂါရဝပြုပါရစေ။ ဒီနေ့ ဆွေးနွေးပွဲကနေ ကျွန်တော် ရရှိခံစားခဲ့ရတဲ့ သုတရသ နှစ်ဖြာသောအကျိုး၊ အမျိုးမျိုးသော ကျေးဇူးတရားတွေကို အများပြည်သူများ ဆင့်ပွားရရှိကြစေဖို့ ပြန်လည်မျှဝေ ပေးသွားပါဦးမယ် ခင်ဗျား။ ။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ

ပြည်တွင်းပြည်ပဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်မြင့်မားလာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများ အောင်မြင်တိုးတက်မှုရရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ဆက်သွယ်ရေးလုပ်ငန်းများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဂြိုဟ်တုဆက်သွယ်ရေး

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေး လုပ်ငန်းများ မြင့်မားတိုးတက်လာသည့်အလျောက် ပြည်တွင်းဆက်သွယ်ရေး လုပ်ငန်းများသာမက ပြည်ပ ဆက်သွယ်ရေးလုပ်ငန်းများပါထိရောက်မြန်ဆန်စွာ ဆက်သွယ်ပြောဆိုလာနိုင်ပြီဖြစ်သည်။ ဆက်သွယ်ရေးစနစ်တွင် ဂြိုဟ်တု ဆက်သွယ်ရေးစနစ်သည် အကောင်းဆုံး ဆက်သွယ်ရေးစနစ်တစ်ခု ဖြစ်ပေသည်။

ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေး စနစ်၌ ဂြိုဟ်တုမြေပြင်စခန်းကို စတင်အသုံးပြုခဲ့ပြီး ဂြိုဟ်တုဆက်ကြောင်းများနှင့် အော်တိုအိတ်ချိန်းသစ်များ တည်ဆောက်ကာ မြို့ ၉၇ မြို့တွင် ဆက်သွယ် ပြောဆိုနိုင်ပြီဖြစ်သည်။

တိုးချဲ့တပ်ဆင်

ပြည်ပဆက်သွယ်ရေး စနစ်တွင် စင်ကာပူနိုင်ငံနှင့် ဆက်သွယ်ပြီး ရေအောက် ကေဘယ်လ်စနစ်ဖြင့် တယ်လီဖုန်းချယ်နယ် ၁၀၁၂ခု တပ်ဆင် အသုံးပြုလျက်ရှိသည်။ ထို့အပြင် အခြားနိုင်ငံများနှင့်လည်း ဆက်သွယ်ပြီး ပြည်ပဂြိုဟ်တု ဆက်သွယ်ရေး မြေပြင်စခန်းများနှင့် ချယ်နယ်အသစ်များ၊ ပြည်ပရေအောက် ကေဘယ်လ်စနစ်များနှင့် ချယ်နယ်အသစ်များ၊ အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချယ်နယ်အသစ်များကို တိုးချဲ့တပ်ဆင် တည်ဆောက်ပေးလျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာရပ်များ

တိုးတက်မြင့်မားလာသော နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ တပ်မတော် အစိုးရလက်ထက်တွင် ခေတ်မီဂြိုဟ်တု ဆက်သွယ်ရေးစနစ်များ တိုးချဲ့တပ်ဆင် တည်ဆောက်ပေးနိုင်မှုကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။



တိုးတက်မြင့်မားလာသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးစခန်း တည်ဆောက်ခြင်း(MPT Satellite Terminal)	–	၉၇	၉၇
၂	ပြည်ပဂြိုဟ်တုဆက်သွယ်ရေး ချယ်နယ်တပ်ဆင်ခြင်း	၂၁	၆၀၁	၅၈၀
၃	ပြည်ပရေအောက် ကေဘယ်လ်စခန်း တည်ဆောက်ခြင်း	–	၁	၁
၄	ပြည်ပရေအောက် ကေဘယ်လ်ဆက်သွယ်ရေး ချယ်နယ်တပ်ဆင်ခြင်း	–	၁၀၁၂	၁၀၁၂
၅	အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းချယ်နယ်	၂၆	၁၆၁၃	၁၅၈၇

တပ်ဆင်တည်ဆောက်

တိုးတက် မြင့်မားလာသော နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များနှင့် လိုက်လျောညီထွေစွာ တပ်မတော် အစိုးရလက်ထက်တွင် ခေတ်မီဂြိုဟ်တု ဆက်သွယ်ရေးစနစ်များ တိုးချဲ့တပ်ဆင်ပြီး ဤသို့ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

လွတ်လပ်ရေးကို ထိန်းသိမ်းပါ

* နယ်ချဲ့လက်အောက်
ရောက်ခဲ့နှံ့နှစ်၊ ကျွန် အဖြစ်လျှင်
နှစ်တစ်ရာကျော်မျှ၊ နေခဲ့ရသည့်
မြန်မာ့မြေကား၊ လွန်ခေါင်းပါးသည်
တံတားစင်းရေ နည်းပါးလှ။
သွားလာဆက်သွယ် ခက်ခဲစွ။
* ကျွန်းသစ်ရေနံ၊ စပါးဆန်နှင့်
ကျောက်သံပတ္တမြား၊ သယ်ယူသွားကြ
ကြီးပွားချမ်းသာ၊ သူတို့မှာတည့်
မြန်မာပြည်ဖွား၊ တိုင်းရင်းသားတို့
စားဝတ်နေရေး မမျှတ။
နွမ်းပါးနိမ့်ကျ ထိုစဉ်က။
* ပြည်ထောင်စုဖွား၊ တိုင်းရင်းသားချင်း
သွားလာဆက်ဆံ၊ ကူးသန်းပြန်လျှင်
ရှင်သန်အသိ၊ နီးကြားဘိလျက်
မျက်စိပွင့်မှာ၊ နားပွင့်မှာကို
များစွာနယ်ချဲ့၊ စိုးရိမ်ခဲ့၏
သွားမယ့်ခရီး၊ အနီးလေးပင်
အဝေးထင်အောင်
ဖောက်ထွင်ခဲ့သည် ကားလမ်းကျယ်။
မဆိုစလောက် အနည်းငယ်။
* လွတ်လပ်ခဲ့ပြီ၊ မြန်မာပြည်တည့်
သည်နေ့ခါသော်၊ တပ်မတော်က
မြော်မြင်ကြီးမား၊ ဆောက်တည်ထား၍
သွားလာဆက်သွယ်၊ ကူးသန်းလွယ်၏
ကျယ်သည့်မြစ်ပြင်၊ တံတားဆင်၏
ချင်ခင်နီးရင်း၊ သွေးချင်းတို့ရပ်
မလစ်လပ်အောင်
နယ်စပ်စည်ပင်၊ အလှဆင်သည်
စာသင်ကျောင်းနှင့် ဆေးခန်းများ။
ဘက်စုံတိုးတက် ခဲ့သည်တကား။
* အို-ပြည်သူများ၊ သတိထားလော့
ဒို့များတိုင်းပြည်၊ စည်ပင်ဖွံ့ဖြိုး
တိုးတက်မည်ကို၊ မလိုရှုတ်ချ
မစ္ဆေရဖြင့်
**“မရလျှင်ဖဲ့၊ ရလျှင်ချဲ့မည့်
နယ်ချဲ့လက်သစ်၊ အကြံညစ်ကို”**
ဆန်းစစ်သေချာ ရှုမြင်ကာ။
လွတ်လပ်ရေးကို ထိန်းသိမ်းပါ။
ပြည်သူအားလုံး ဒို့ဝန်တာ။ ။

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက် .....

ခိုးမိုး(ပုသိမ်)

လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပနေစဉ် ပြည်သူ့ရင်ပြင်ရှေ့ လမ်းခေတ္တပိတ်ထားမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၆ခုနှစ် ဇန်နဝါရီ၄ရက် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ် ကာလအတွင်း ထိုနေ့ နံနက် ၄နာရီမှ နံနက် ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးအားခေတ္တပိတ်ထားမည်ဖြစ်ရာခရီးသွားပြည်သူများသည် ထိုအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်ကြပါရန် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ဒေးယျုံ(ရန်ကုန်) အာနန္ဒာစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

သဃ်န်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ရှေးဟောင်း သမိုင်းဝင် ကျိုက်ဒေးယျုံ (ရန်ကုန်) အာနန္ဒာ စေတီတော်မြတ်ကြီး၏ အကြိမ်(၃၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနိုင်ရေးအတွက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို ဒီဇင်ဘာ ၃၀ရက်က ဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ ဂေါပကအဖွဲ့ဝင်များ၊ သာသနာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဝိမလက ဩဝါဒကထာ ချီးမြှင့်သည်။ ထို့နောက် ဂေါပကအတွင်းရေးမှူး ဦးကိုလေးက အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်အတူ ပွဲတော်ရက်ဖြစ်သည့် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက် အထိ ရွှေညီအစ်ကိုအငြိမ့်၊ မိုးဝင်းဇာတ်သဘင်အဖွဲ့တို့ဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁-၁-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နေခြည်နွေးနွေး”** (အပိုင်း-၁၉)
၁၂:၂၀ ၅။ သံလွင်မြစ်နဒီ လက်ခုပ်သံဝေစီ
၁၂:၃၅ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **“ရေပြင်ညီ”** ရန်အောင်၊ ခိုင်သင်းကြည်၊ သဉ္ဇာဝင့်ထည်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
၁၃:၄၀ ၇။ အဆိုပြိုင်ပွဲ
၁၃:၅၀ ၈။ **“ချစ်သောရေ ချစ်သောမြေ”** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၀၀ ၉။ အကပြိုင်ပွဲ
၁၄:၁၅ ၁၀။ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရ မြန်မာမသန်စွမ်းအားကစားအဖွဲ့နှင့် တွေ့ဆုံမေးမြန်းခန်း
၁၄:၃၀ ၁၁။ အတီးပြိုင်ပွဲ
၁၄:၄၅ ၁၂။ International News
၁၅:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ အတီးပြိုင်ပွဲ
၁၇:၃၅ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇:၄၅ ၉။ အနာဂတ်နိုင်ငံတော်အတွက် အမျိုးသားညီလာခံ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၃။ အိန္ဒိယစက်ခေါင်းနှင့်လူစီးတွဲများ စတင်အသုံးပြုမည့် ရန်ကုန်-ပျဉ်းမနားခရီးစဉ်
၁၉:၃၅ ၁၄။ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၀ ၁၅။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **“ပညာတိုးတက် တို့ကျေးလက်”**
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်မိပြီဆိုရင်”** (အပိုင်း-၁၀)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။



ဒီဇင်ဘာ ၃၀ရက်က (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံဆိပ်ကမ်းစက်မှုမြို့၏ တတိယအကြိမ် အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်မှုဇုန် မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်တိုးက အဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်းရှိ ရှေးဟောင်းယဉ်ကျေးမှုလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ညွှန်ကြားရေးမှူး ဦးဝေလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းတွင် မန္တလေးမြို့မှ တကောင်းမြို့သို့ ရောက်ရှိပြီး ရှေးဟောင်းသုတေသနဌာနရုံး (တကောင်း)တွင် Diamond Palaceဆောက်လုပ်ရေးတာဝန်ခံက တကောင်းပြတိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သုတေသနဌာနစုရုံးမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

အသေးစိတ်မှာကြား

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၆ ရက်တွင် တကောင်းမြို့ဦး အနော်ရထာမင်းကြီး တည်ထားခဲ့သည့် ပြိုပျက်နေသော လေးမျက်နှာ စေတီတော်ကြီးကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်လည်တည် ဆောက်ပြုပြင်နေမှုများကို အသေးစိတ် လိုက်လံ ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ဖွယ်ရာများကို အသေးစိတ်မှာကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းကျော်က ကျောက်တုံးများဖြင့် ပုံဖော်ဆောက်လုပ်နေသည့် တကောင်းမြို့ဝင် မုခ်ဦးကြီးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ Diamond Palace ကုမ္ပဏီက တည်ဆောက်နေသော တကောင်းပြတိုက် တည်ဆောက်နေမှု တင်ပြချက်များကို လည်းကောင်း၊ မြေအောက်မှ တူးဖော် တွေ့ရှိပြီး ထိန်းသိမ်းထားသည့် အိုးပြတိုက်ကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းဖြည့်စွက်ပေးကာ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း တည်ဆောက်ပြီးစီးရေးကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဒီဇင်ဘာ၂၇ရက်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့်အဖွဲ့ လိုက်ပါလျက် မန္တလေးမှ မော်တော်ယာဉ်များဖြင့် ပခန်းကြီးမြို့သို့ ထွက်ခွာပြီး ပခန်းကြီး မြို့ပြတိုက်တွင် ပြတိုက်မှူး ဦးဌေးဝင်းမောင်က ပခန်းပြတိုက်တွင် ခင်းကျင်းပြသထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြုပြင်ထိန်းသိမ်းထားပြီးသော စေတီတော်များ၊ နန်းမြို့ရိုးများနှင့်ပြန်လည်ပြုပြင်ထားသည့် ပခန်းသစ်သား ကျောင်းတော်ကြီးကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆက်လက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။ ထို့နောက် ပုဂံမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ညှိနှိုင်းဖြည့်ဆည်း

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ကျောက်ဂူဥမင်ဘုရားထိန်းသိမ်း ပြုပြင်ထားရှိမှုကိုလည်းကောင်း၊ မြစေတီ ကျောက်စာနှင့် ဂူပြောက်ကြီးဘုရား အတွင်းရှိ နံရံဆေးရေး ပန်းချီများ ထိန်းသိမ်းထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အနော်ရထာမင်းတရားကြီး၏ ပဋ္ဌပါသာဒ ရွှေနန်းတော်ကြီး ပြန်လည် တည်ဆောက်နေမှုအား နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေး ညွှန်ကြားခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်း ဖြည့်ဆည်းပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ ပြတိုက်ကြီးသန့်ရှင်းရေး၊သာယာလှပရေး၊လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ဖွယ်ကိစ္စများကိုလည်းကောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေဇယန္တာရှော့ပင်းစင်တာ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ဝေဇယန္တာရှော့ပင်းစင်တာဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ရှော့ပင်းစင်တာတည်ရှိရာ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းမ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရှော့ပင်းစင်တာအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အထူးဖိတ်ကြားထားသည့် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် စကိုင်းဝေါ ဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ဓါတ်ပုံ)**

ဝေဇယန္တာ ရှော့ပင်းစင်တာကို နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဖက်ရှင်အဝတ်အထည် အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုးတို့အပြင် အင်တာနက်ကဖေးနှင့် ဖီးလ်စားသောက်ဆိုင်တို့ကိုပါ ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်တံခါး အထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ကျောက်တံခါးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမ အကြိမ်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည် ဖြစ်သည်။ ကျောက်တံခါး အထကတွင် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာဆရာမကြီးများ၊ရပ်ဝေးမှကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပူဇော်လှူဒါန်းလိုသူများသည် ဦးဇော်တင့် ဖုန်း-၀၁-၃၉၄၇၆၈၊ ၀၉၈၀ ၃၃၁၉၅၊ဦးစိုးဝင်း ဖုန်း-၀၁-၂၉၀၂၄၅၊ဦးအေးလွင်(မန္တလေး)ဖုန်း-၀၂-၈၈၅၇၈၊ ၅၃၄၇၄၊ ၅၃၇၃၈၊ ၄၄၀၉၃နှင့် ဦးစိုးမိုးဝင်း(ပဲခူး)ဖုန်း ၀၅၂-၂၁၀၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အောင်စကြာဆရာတော် တရားတော်များဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတ ဓရာဘိဒ္ဓန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၁ ရက်ညတွင် သုံးခွမြို့ လေးကျွန်းမာန်အောင်မြို့ဦးစေတီ ဗုဒ္ဓလမ်းစဉ် ဓမ္မသဘင်၊ ၂ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် ကမာကြည်လမ်းထောင့်၊ ၃ ရက်ညတွင် လမ်းမတော်မြို့နယ် လမ်းမတော်လမ်း သံဈေးရှေ့ ရှင်ဥပဂုတ္တပူဇော်ပွဲ၊ ၄၊ ၅၊ ၆ ရက် ညများတွင် အင်းစိန်မြို့သစ် က/၆လမ်း၊ ၇ရက်ညတွင် ဒေါပုံမြို့နယ်ယမုံနာ၁ရပ်ကွက် နကုလဆွမ်းလောင်းအသင်း၊ ၈၊ ၉၊ ၁၀ ရက်ညများတွင် ညောင်တုန်းမြို့ ဥသျှစ်လှဘုရား၊ ၁၁၊ ၁၂ ရက် ညများတွင် ရွှေပြည်သာမြို့ က/၁၄ ရပ်ကွက် အောင်ချမ်းသာလမ်းတို့တွင် ဓမ္မခရီးကြွရောက်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စောရွှေနှင့်အဖွဲ့ လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ ဒီဇင်ဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှုရာ လှိုင်သာယာမြို့နယ်မှ အာဟာရလိုအပ်သည့် ကလေးများကို အာဟာရကျွေးမွေးပြီး ကိုယ်အလေးချိန်စစ်ဆေးစဉ်။ (၀၄၆)

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၅ခုနှစ် မျက်နှာစုံညီ အစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပထမပိုင်း သဘာပတိအဖြစ် ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ၊သုတေသီ)ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးလှတိုး (တိုးထက်)က ဆောင်ရွက်သည်။ ဦးစွာသဘာပတိက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းတို့က အမှာစကား ပြောကြားကြသည်။

အစည်းအဝေးဒုတိယပိုင်းအဖြစ် ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးအောင်ရွှေဦး (အောင်နာဂ)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးတင်ဆွေမြင့်(သပြေဆွေမြင့်)က ဆောင်ရွက်သည်။ ရွေးချယ်တင်မြှောက်ပွဲတွင် ဥက္ကဋ္ဌဦးတင်အောင်ရွှေ(တင်အောင်ရွှေ၊ သုတေသီ)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ်(ထီလာစိုးမြင့်ထယ်)၊ အတွင်းရေးမှူး ဦးလှတိုး (တိုးထက်)၊ တွဲဖက်အတွင်းရေးမှူး ဦးတင်ဆွေမြင့် (သပြေဆွေမြင့်)၊ ဘဏ္ဍာရေးမှူးဒေါ်ဝင်းစိန်(မအေးချမ်း) တို့ပါဝင်သော အမှုဆောင် ကိုးဦးကိုလည်းကောင်း၊ ညီလာခံကိုယ်စားလှယ်များအဖြစ် ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)နှင့် ဦးလှတိုး(တိုးထက်)တို့အား လည်းကောင်း ရွေးချယ်ကြသည်။ **(မြန်မာ့အလင်း)**

လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

လသာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လသာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဦးလှမောင်(အောင်ကျော်ဖြိုး)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး(၃)ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာကို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကြည်မြင့်(ရဲဟိန်း)က ဖတ်ကြားတင်ပြပြီး ဥက္ကဋ္ဌ ဦးညွန့်တင်(သီဟညွန့်တင်)၊ အတွင်းရေးမှူး ဦးအောင်မော်(မောင်ယဉ်ထိုက်)တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက ငွေကျပ် ၁၀၀၀၀၊ ဦးအောင်မော် (မောင်ယဉ်ထိုက်)က ငွေကျပ် ၁၀၀၀၀၊ ဦးသန်းဦး(ဒီဒီး-နီကွန်)က ငွေကျပ်၁၀၀၀၀အသီးသီး ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဒီဇင်ဘာ၃၁ရက် နံနက်၇နာရီက ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာဝင်းအတွင်း ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရပ်ကွက်သာယာရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ကော်မတီနှင့် ရပ်ကွက်သူရပ်ကွက်သားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (က-ပ)

ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနရိပ်သာ ဝိပဿနာ ၁၀ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်၅ရပ်ကွက် ကမာရွတ်ဘူတာရုံ အနောက်ဘက် ဓမ္မရက္ခိတ ဖြူး မဟာစည်သာသနရိပ်သာ၌ ဘဒ္ဒန္တနရပတိ(သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ) ဖြူးဆရာတော်ဦးစီး၍ ၁၀ရက်တရားစခန်းကို ၁၃၆၇ခုနှစ် ပြာသိုလဆန်း ၆ရက် (ဇန်နဝါရီ ၄ရက်)မှပြာသိုလပြည့်နေ့(ဇန်နဝါရီ ၁၃ရက်)အထိ မဟာစည် သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ၁၀ရက်တိုင်တိုင် ဟောပြောပြသမည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဇန်နဝါရီ၃ရက်ညနေ ၄နာရီ အရောက်လာကြရန်နှင့် အရုဏ်ဆွမ်း၊နေ့ဆွမ်း၊တစ်နေ့တာဆွမ်း၊အဖျော်ရည်စသည် ဖြင့် လှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)၊ ၀၉-၅၀-၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော်များ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် မိသားစုဆွမ်းဆက်ကပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ရှိ ဝန်ထမ်းမိသားစုများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ပရိသတ်များက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေနှင့်ဇနီး ဒေါ်ခင်မြချစ်၊ ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ တစ်နေ့တာဆွမ်းအလှူတော်ငွေကျပ် ၄၂၀၀၀၀ ကို ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီးဦးမြင့်ဆွေက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြအောင်က လက်ခံရယူသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဝန်ကြီးဌာနဝန်ထမ်းမိသားစုများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းများပိုမိုကောင်းမွန်စေရေး သံလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း အမြန်အကောင်အထည်ဖော်

ရန်ကုန် ဒီဇင်ဘာ ၃၁

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်း ပိုမိုကြံ့ခိုင်ရေးနှင့်အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက မန္တလေးမြို့ မြန်မာ့မီးရထားဘူတာရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ မြန်မာ့မီးရထားရုံးချုပ်မှ ဒုတိယအထွေထွေ မန်နေဂျာ ဦးသန့်ဇင်မောင်က မန္တလေး-မြစ်ကြီးနားမီးရထားသံလမ်းပိုင်း ပိုမိုကောင်းမွန်စေရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဒေသခံပြည်သူများအား ရာသီမရွေး မီးရထားဖြင့် စိတ်ချမ်းမြေ့စွာ အလွယ်တကူ ဆက်သွယ်သွားလာနိုင်စေရန်အတွက် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းများကို ပိုမိုကောင်းမွန်အောင် ရထားသံလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန္တလေးဘူတာကြီးရှိ လူသွားစင်္ကြံများ၊ လက်မှတ်အရောင်းဌာန၊ ကုန်လှောင်ရုံ၊ ဘူတာဈေးဆိုင်များကို လှည့်လည် ကြည့်ရှု စစ်ဆေးပြီး ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ သံလမ်းပြေးအထူးယာဉ်ဖြင့် မန္တလေးဘူတာကြီးမှ ထွက်ခွာ၍ မီးရထားသံလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းဆင်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုပညာ ဒီပလိုမာဘွဲ့လွန်သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အားပေး ချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းခင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ ပဲခူးတိုင်း (အနောက်)၊ မကွေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင် သင်တန်းသား သင်တန်းသူ လူငယ် ၅၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဗျူဟာဝိပဿနာတရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၃၁

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၂၉) ကြိမ်မြောက် ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် အင်္ဂါနေ့ ညနေ ၆ နာရီခွဲမှစတင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းတွင်ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိက ဓဇ ဆရာကြီးဦးသန်းနှင့် ကမ္မဋ္ဌာနာစရိယ လေးဦးတို့က ကြီးကြပ်ပြသမည်ဖြစ်ရာ မည်သူမဆို တရားစခန်းဝင်ရောက်နိုင်ပြီး အလှူငွေများလှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**

ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

၂၀၀၅ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပသည်။

နှုတ်ခွန်းဆက်

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ ပညာတန်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွဋ်က စာပေပြိုင်ပွဲ အကဲဖြတ် သုံးသပ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာတန်ဆောင် စာပေပြိုင်ပွဲရှစ်မျိုးတွင် ဆုရသူများနှင့် နိုင်ငံတော်အဆင့် ပြိုင်ပွဲများမှ စာပေဆုရသူ ပညာတန်ဆောင်ကလောင်ရှင်များအား ဒုတိယဝန်ကြီး ဦးမျိုးညွန့် **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။ ယင်းနောက် ဆုရသူများကိုယ်စား မရတနာလင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၂၁ ရက်က ရွှေပြည်သာမြို့နယ် အမှတ်(၁၄)ရပ်ကွက် ပန်းခြံ-၂၂၊ ဓမ္မအောင်သုခ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ဦးစောရှိန်၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မြအေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဒီဇင်ဘာ ၂၂ ရက်က မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ အခမ်းအနားကိုအမှတ် (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကြည်မြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(မြို့နယ် ပြန်/ဆက်)

ဆေးတက္ကသိုလ်(၂) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၂)တွင် ၁၉၆၃၊ ၁၉၆၄၊ ၁၉၆၅၊ ၁၉၆၆ ခုနှစ်များ၌ ပထမနှစ်နှင့် ၁၉၆၄ခုနှစ်၌ ဒုတိယနှစ်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းမှ မြတ်ဆရာကန်တော့ပွဲကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် M-3 Food Centre ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများ ယင်းအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန်နှင့် မြတ်ဆရာ ကန်တော့ပွဲကိစ္စအဝဝနှင့် ပတ်သက်၍ ဒေါက်တာဦးစိုးမင်းသိန်း ဖုန်း- ၀၁-၂၉၃၉၆၃၊ ဒေါက်တာဦးညွန့်ဝေ၊ ဖုန်း-၀၁-၅၁၄၈၃၁၊ ၀၁-၅၁၁၁၈၀၊ ဒေါက်တာခင်မျိုးချစ် ဖုန်း-၀၁-၅၄၆၀၇၄၊ ၀၁-၅၅၅၀၃၆၊ ဒေါက်တာ လူစီကျော်မြ ဖုန်း-၀၁-၆၆၄၉၄၂၊ ၀၉-၅၀၀-၄၇၂၅ နှင့် ဒုတိယဗိုလ်မှူးကြီးခင်မောင်မောင်သန်း ဖုန်း-၀၁-၆၅၀၅၃၄၊ ၀၉-၈၀-၃၀၅၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှု ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၂၇ရက် နံနက်ပိုင်းက နမ့်စန်မြို့သို့ သွားရောက်၍ မြန်မာ့မီးရထားလုပ်ငန်းမှ လမ်းလုပ်ငန်းများထိန်းသိမ်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းမှူးက လိုအပ်သည်များညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် နမ့်စန်တပ်နယ်မှ ခြစ်ညည်းရိုးကြက်ဆူပင်စိုက်ပျိုးရန်မျိုးထောင်ထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် နမ့်စန်မြို့မှ ပြန်လည်ထွက်ခွာ၍ ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက်၌ လှိုင်လင်ခရိုင်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှု အားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

မုံရွာတပ်နယ် ကြက်ဆူပင်စိုက်ပျိုးပွဲ ကျင်းပ တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်အားပေး

ရန်ကုန် ဒီဇင်ဘာ ၃၁

အနောက်မြောက်တိုင်း စစ်ဌာနချုပ် မုံရွာတပ်နယ် ကြက်ဆူပင် စိုက်ပျိုးပွဲကို ဒီဇင်ဘာ၃၀ရက် နံနက်ပိုင်းက မုံရွာလေဆိပ်အနီး၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ မုံရွာတပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖြည့်စွက်မှာကြား

အစီအစဉ်အရ မုံရွာတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစိုးလွင်က မုံရွာတပ်နယ်အတွင်း ခြစ်ညည်းရိုး ကြက်ဆူပင်စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည်သတ်မှတ်နေရာများတွင် ကြက်ဆူပင် ၁၃၈၀၀ ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခင်းကျင်းပြသထားသည့် အစေ့ပျိုးကြက်ဆူပင်၊ ကြက်ဆူသီး၊ ကြက်ဆူစေ့၊ အခွံခွာပြီး ကြက်ဆူစေ့၊ ဇီဝဒီဇယ်အဖြစ် အသုံးပြုနိုင်သည့် ကြက်ဆူဆီနမူနာများကို ကြည့်ရှုလေ့လာပြီး မုံရွာမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆)အလတ်စား စက်ပြင်အလုပ်ရုံမှ ထုတ်လုပ်သည့် ကျေးရွာသုံး ကြက်ဆူဆီညှစ်စက်ဖြင့် ကြက်ဆူဆီလက်တွေ့ထုတ်ယူနေမှုကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ဒီဇင်ဘာ ၃၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အခြေခံပညာ မူလတန်းဆင့် မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ၌ ပထမရရှိသော အုပ်စု(၅) အသင်းအား မြို့နယ်ပညာရေးမှူး ဦးမင်းစိန်က တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (က–ပ)

မဟာဗောဓိဆရာတော်ကြီးထံမှ ဩဝါဒခံယူပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကျေးဇူးတော်ရှင် မဟာဗောဓိဆရာတော်ဘုရားအား ရပ်ဝေးရပ်နီး တပည့်များက စုပေါင်း၍ (၆)ကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ဩဝါဒခံယူပွဲကို ၁၃၆၇ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက် (ဇန်နဝါရီ ၁၈ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ရခိုင်သဟာယအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဒီဇင်ဘာ ၃၁

အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၁၄ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသင်းဝင်လိုသူများ၊ ပညာသင်ဆုရ ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲတွင် ဒီဇင်ဘာ ၃၁ ရက်၌ အသက် ၇၅ နှစ်ပြည့် နာယကများ၊ အသင်းအမှုဆောင်ဟောင်းများနှင့် ဂုဏ်ထူးဆောင် အသင်းဝင်များအား ပူဇော်ကန်တော့မည်ဖြစ်ရာ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ ဦးကျော်ဇံလှ ဖုန်း–၅၅၆၂၂၁၊ ဦးကျော်အောင် ဖုန်း–၂၅၂၇၀၉ ဦးသန်းထွန်းအေး ဖုန်း–၅၄၀၉၁၁ နှင့် နီးစပ်ရာအမှုဆောင်များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာအုပ်စု ပတ္တမြားမြို့သစ် ကျေးလက်ကျန်းမာရေးဆေးပေးခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးချစ်မောင်၊ ရပ်မိရပ်ဖ ဦးအောင်မင်းနှင့် ကျေးလက်ကျန်းမာရေးဌာနမှူး ဦးထွန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (က–ပ)

ပညာရေးစုံညီပွဲတော်

(၁–၃၊ ဇန်နဝါရီလ၊ ၂၀၀၆)

မြန်မာနိုင်ငံတစ်ဝန်းကျောင်းအားလုံးပါဝင်ဆင်နွှဲစို့

SCHOOL FAMILY DAY

(1-3 JANUARY 2006)

မုံရွာအိုးပင်းဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

မုံရွာ(Open)ဖိတ်ခေါ်ဂေါက်သီးရိုက် ပြိုင်ပွဲကို မုံရွာဂေါက်ကလပ်၌ ဇန်နဝါရီ၃ရက်နှင့် ၄ ရက်တို့တွင် တစ်ဦးချင်း ကြေးစားအဆင့်နှင့် အပျော်တမ်းအဆင့် ၃၆ကျင်း ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် မုံရွာဂေါက်ကလပ်သို့ ဇန်နဝါရီ၂ ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် ဆုများကို အတန်းစဉ်အလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ဖုန်း–၀၇၁–၂၁၅၅၀နှင့် ၀၇၁–၂၂၆၂၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Air Bagan မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Air Bagan Ltd.က အဓိကကူညီပံ့ပိုးသော ၂၀၀၅–၂၀၀၆ ခုနှစ် Air Bagan မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် Bagan Resort Golf Club ၌ ဆက်လက်ကျင်းပသည်။

ထပ်မံဂုဏ်ပြု

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကို ဆက်လက်ကျင်းပရာ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေးက Tiger Putting Challenge ပြိုင်ပွဲတွင်ပထမရရှိသော Professional Golfer မျိုးခိုင်(K.M Golf Centre)အား ဆုချီးမြှင့်ပြီး Srixon မှ မြန်မာပြည် တစ်ဦးတည်း ကိုယ်စားလှယ် Professional Golfer ဦးအောင်လှဟန်က Professional Golfers ပြိုင်ပွဲတွင် Srixon မှ တတိယရရှိသော ဇော်ဇင်ဝင်း အားထပ်မံပံ့ပိုး ချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ ကိုလည်းကောင်း၊ ဒုတိယရရှိသော သန်းနိုင်အား ထပ်မံပံ့ပိုးချီးမြှင့်ငွေ အမေရိကန်ဒေါ်လာ ၂၀၀ ကိုလည်းကောင်း ပေးအပ်ပြီး ပုဂံဂေါက်ကလပ် မန်နေဂျာ ဗိုလ်ကြီးအောင်မြင့် (ငြိမ်း)က Hole-in-One ရရှိခဲ့သော အပျော်တမ်းဂေါက်သီးရိုက်အားကစားသမား Derek Htet Doe အား ဂုဏ်ပြုဆုကိုလည်းကောင်း၊ Air Bagan Ltd. မှ ဒါရိုက်တာ ဦးမင်းသိန်းကလည်း ထပ်မံ၍ ဂုဏ်ပြုဆုကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ Air Bagan မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ Tournament Director ဦးမင်းသိန်းက အပျော်တမ်းပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံးရိုက်ချက်ဆုရရှိကြသူများအား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက Professional Golfers ပြိုင်ပွဲနေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု ရရှိသူများအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်

ဆက်လက်၍ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတေဇက အပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၉ ချက်ဖြင့် ပထမရရှိသော အောင်ဝင်း(မုံရွာ)၊ စုစုပေါင်းရိုက်ချက် ၃၀၂ချက်ဖြင့်ဒုတိယရရှိသောကျော်သီဟ၊ စုစုပေါင်းရိုက်ချက် ၃၀၃ ချက်ဖြင့် တတိယရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း) က Professional Golfers ပြိုင်ပွဲတွင် လေးရက်ပေါင်း ၁၂ ချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၇၆ ချက်ဖြင့် ပထမရရှိသော စိုးကျော်နိုင် (Srixon)၊ လေးရက်ပေါင်း လေးချက်လျော့ရိုက်ပြီး စုစုပေါင်း ၂၈၄ ချက်ဖြင့် ဒုတိယရရှိသောသန်းနိုင်(Srixon)၊ စုစုပေါင်း လေးရက်ရိုက်ချက် ၂၈၇ ဖြင့် တစ်ချက်လျော့ရိုက်ကာ တတိယရရှိသော ဇော်ဇင်ဝင်း (Srixon)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Professional Golfers ပြိုင်ပွဲတွင် ပထမရရှိသော စိုးကျော်နိုင် (Srixon) အား Srixon မှ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်ဦးအောင်လှဟန်က အမေရိကန်ဒေါ်လာ ၃၀၀ ကို လည်းကောင်း၊ Eden Group Co., Ltd. ကိုယ်စား ဦးဂျာရစ်ကငွေကျပ်ငါးသိန်း၊ Kachin Golfers Group ကိုယ်စား ဦးဝင်းကြည်က ငွေကျပ်ငါးသိန်း၊ KBZ Bank Ltd. ကိုယ်စား ဦးဇော်မင်းက ငွေကျပ်ငါးသိန်းနှင့် Air Bagan Ltd. ဥက္ကဋ္ဌ ဦးတေဇက ငွေကျပ် ၁၂ သိန်း အသီးသီး ထပ်မံပံ့ပိုးချီးမြှင့်ကြသည်။

ဆက်လက်၍ Air Bagan Tournament Director ဦးမင်းသိန်းက ˚Bagan ˚Resort˚˚ Golf Club ကို အမှတ်တရလက်ဆောင် ပေးအပ်ချီးမြှင့်ရာ Golf Club မန်နေဂျာ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)က လက်ခံယူသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan ဖြစ်ပြီး၊ Official Bank အဖြစ် KBZ Bank Ltd. ဖြစ်ကာ Co-Sponsors များအဖြစ် Myanmar Brewery Ltd. ၊Myanmar Treasure Resort Hotel ၊Aureum Palace Hotel Resort ၊ Srixon ၊Jade Myanmar Co., Ltd. ၊Kachin Golfers Group ၊Max Myanmar Co., Ltd. ၊London ၊ Imperial Jade Drinking Water ၊ Bagan Resort Golf ˚Club နှင့် Eden Group Co., Ltd. တို့က အသီးသီးပါဝင်ကူညီပေးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပမည့် သင်းလုံးကျွတ်အစည်းအဝေးပွဲကို ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ဇန်နဝါရီ ၁၅ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ ကျင်းပမည်ဖြစ်ပြီး အသက် ၈၀အထက် အသင်းဝင်များ၊ အသင်းဝင်မိဘများအားပူဇော် ကန်တော့၍ ၂၀၀၄–၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်မှ ဂုဏ်ပြုခံရသူများအား ဆုချီးမြှင့်ပွဲပြုလုပ်မည်ဖြစ်သည်။

ပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲကို လပွတ္တာမြို့နယ်တွင် ဇန်နဝါရီ၂၁ရက်(စနေနေ့)တွင်ကျင်းပမည်ဖြစ်ရာ ပူဇော်ခံသက်ကြီးများနှင့် ဆုချီးမြှင့်ခံမည့် သူများ၏ စာရင်းကို ဇန်နဝါရီ၈ရက် နောက်ဆုံးထား၍ အသင်းတိုက် တာဝန်ခံထံ အထောက်အထားပြည့်စုံစွာဖြင့် ပေးပို့၍ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ရန် နှိုးဆော်ထားပြီး ပူဇော်ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများကို ဥက္ကဋ္ဌ ဦးအောင် ဖုန်း–၅၇၃၂၈၀၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန် ဖုန်း–၅၄၁၈၀၆၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း ဖုန်း–၂၂၈၃၉၅၊ အတွင်းရေးမှူး ဦးခင်မောင်လေး ဖုန်း ၀၉–၈၀–၃၂၅၄၇နှင့် အသင်းတိုက် ဖုန်း–၂၂၂၀၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ရေဦးမြို့ အထက(၁) ရွှေရတုသဘင်ကျင်းပ

ရေဦး ဒီဇင်ဘာ ၁၂

ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)မြောက် ရွှေရတုသဘင်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉နာရီက ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ ရေဦးမြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်အေးနှင့် ရွှေရတုသဘင် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းတို့က နှစ်(၅၀)မြောက် ရွှေရတုအထိမ်းအမှတ် ကျောက်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(၃၇၈)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အာဇာနည်လမ်းနှင့် ကန်တော်ဦးမင်းလမ်း ကိုယ့်အား ကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိမ်းဌေးနှင့် အမှုဆောင်အရာရှိ ဦးတင်နုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ကြည့်ရှု စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေးဟောပြောပွဲ အုတ်တွင်း၌ကျင်းပ

အုတ်တွင်း ဒီဇင်ဘာ ၂၄

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရွှေလောင်းကျေးရွာအုပ်စု ကုန်းတန်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပရာ ရွှေလောင်း၊ ကြက်တက်ညောင်ပင်တောပုကျေးရွာအုပ်စုများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စိတ်ပါဝင်စားသူ ငယ်ရွယ်သူအမျိုးသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဒေါ်စန်းစန်းမြင့်က ကျန်းမာရေးနှင့် ပတ်သက်၍လည်းကောင်း **(အောက်ပုံ)**၊ ဆရာမဒေါ်ချိုချိုအောင်က ပညာရေးနှင့်ပတ်သက်၍လည်းကောင်း ဟောပြောကြသည်။ **(၃၁၆)**

ရေဒီယိုနှင့်စာအုပ်များ လှူဒါန်းပွဲ လားရှိုး၌ကျင်းပ

လားရှိုး ဒီဇင်ဘာ ၂၃

အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုထောက်ခံသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရေဒီယို ၁၀ လုံး မတည်လှူဒါန်းပွဲနှင့် ဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က ကိုယ်တိုင်ရေး စာအုပ်များနှင့် သုတ၊ ရသစာအုပ်များ မတည်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ ရဲမှူးကြီးဝင်းနိုင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ ဆရာကြီးဦးစံတင်အောင်(ရွှေဘို)နှင့် အလှူရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက အမှာစကားပြောကြားပြီး ဆရာကြီးဦးစံတင်အောင်(ရွှေဘို)က စာအုပ်များလှူဒါန်းရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လှူဒါန်းသည့် ရေဒီယိုငါးလုံးနှင့် ဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က လှူဒါန်းသည့် တန်ဖိုးငွေကျပ်၆၇၀၀၀ ရှိစာအုပ်များကိုပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက လည်းကောင်း**(အပေါ်ဝဲပုံ)**၊ အခြားအလှူရှင်များက လှူဒါန်းသည့် ရေဒီယိုနှင့် စာအုပ်များကို ခရိုင်ဦးစီးအရာရှိ ဦးယဉ်မောင်က လက်ခံရယူကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်လင်မြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းသို့ ဒီဇင်ဘာ ၁၃ ရက်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြ ဟောပြောစဉ်။
(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေး အလုပ်ရုံဆွေးနွေး

ရွှေတောင် ဒီဇင်ဘာ ၂၃

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က နွားမယံကျေးရွာအုပ်စု နွားမယံကျေးရွာစာကြည့်တိုက် ဦးကြည်လွင်နေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးရဲမြင့်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမင်းသိမ်းတို့က အမှာစကားများပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ဦးစီးမှူးက စာအုပ်မျိုးစုံကို စာကြည့်တိုက်များအတွက်ပေးအပ်ရာ ကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံရယူသည်။ ကျေးရွာအုပ်စုတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တို့က နွားမယံ စာကြည့်တိုက်သို့ ငွေကျပ် ၃၅၀၀၀တန် ရေဒီယို ကက်ဆက် တစ်လုံးပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌက လက်ခံရယူသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုတွင်းရှိ နွားမယံ၊ လေးကျွန်းဆီမီး၊ ပုတ်တန်း၊ ဘယ်လက်၊ ဆင်မကြပ်၊ နယ်မော်၊ ပုရပိုဒ်တန်းနှင့် ဖိုးသိန်းတန် ကျေးရွာများမှ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်းလှ မြို့နယ် စည်ပင် သာယာရေး အဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံး ရေရရှိရေးအတွက် ကျောက်တိုင်ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က အမှုဆောင် အရာရှိ ဦးစိုးမြင့်နှင့် ကျေးရွာ ဥက္ကဋ္ဌ တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ်တွင် အောင်သာယာရပ်ကွက် လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဦးဆောင်သောအဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး နံရံကပ်စာစောင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၂၀

ဖျာပုံခရိုင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ စုပေါင်းကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန်ဒေါက်တာခင်မျိုးရီက အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်(စ်)ရောဂါအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြော၍ ခရိုင်ဥပဒေအရာရှိ ဦးဟန်ငြိမ်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေရေးရာများ ဟောပြောကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစမ်းတို့က ပထမဆုရ အထက (၂)၊ ဒုတိယဆုရ အထက(၃)၊ အထူးဆုရ အထက(၁) တို့အား ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံတော်အတွက်လိုအပ်မည့် စက်သုံးဆီဖြည့်ဆည်းပေးနိုင်ရေး ရန်ကုန်တိုင်းအတွင်း ကြက်ဆူပင် ကေငါးသိန်းစိုက်ပျိုးမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းအတွင်း ကြက်ဆူပင် ကေငါးသိန်း အကောင်အထည်ဖော်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။**စာမျက်နှာ ၆ ကော်လံ ၁** ■

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြက်ဆူပင်မှရရှိသည့် ဘိုင်အိုဒီဇယ်ဖြင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်တို့ မောင်းနှင်သရုပ်ပြခြင်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသခံပြည်သူများ လူမှုရေး၊ စီးပွားရေး တိုးပွားဖြစ်ထွန်းလာမည့် ပေဂုဝအထက်တံတား ၂၁၀စင်းမြောက် ပန်းလောင်တံတားဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၄)က မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကူးမြို့နယ် ပလိပ်-တံတားဦးလမ်း မိုင်တိုင်(၄/၆)၌ ပန်းလောင်မြစ်ကိုဖြတ်၍ တည်ဆောက်ပြီးစီးပြီဖြစ်သည့် ပန်းလောင်တံတား ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၃၀ရက် နံနက်ပိုင်းတွင် အဆိုပါတံတားဖွင့်ပွဲ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ **စာမျက်နှာ ၆ ကော်လံ ၁** ❐

မြန်မာ့အလင်း

ဆောင်းပါး နှင့် ကဗျာ အညွှန်း

ပြည်သူ့ထံမှ ပြည်သူထံသို့ ဆိုတဲ့ နိုင်ငံတော်အာဏာ ခွဲဝေသက်ဆင်းမှုဖြစ်တာမို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နှစ်ထောင်းအားရ သဘောကျကြမှာ ကေန်ပါပဲ

စိုးမြကျော် – တိုင်းဒေသကြီး (၇) ခုနဲ့ ပြည်နယ် (၇) ခုအနေနဲ့ မိမိတို့နယ်မြေဒေသအလိုက် သက်ဆိုင်ရာလွှတ်တော်တွေ၊ တစ်နည်းဆိုရရင် ဥပဒေပြုရေးဆိုင်ရာအဖွဲ့တွေ ဖွဲ့စည်းလာနိုင်တာဖြစ်သလို ဥပဒေပြုရေးဆိုင်ရာ အာဏာကိုလဲ ခွဲဝေကျင့်သုံးခွင့်ရရှိလာတာဟာ မျက်မှောက်ခေတ်ရဲ့ သမိုင်းကဏ္ဍသစ်တစ်ရပ်ပဲနော် ကြီးကြီး။

ကြီးကြီးမြ – ဟုတ်တယ် မောင်ကျော်ရေ၊ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဒို့နိုင်ငံမှာ ဟိုအရင်က ဥပဒေပြု အဖွဲ့အစည်းအဖြစ် ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်၊ အဲဒီလွှတ်တော် (၂) ရပ်ပေါင်းတဲ့ ပါလီမန်နဲ့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ကောင်စီများသာရှိခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကျပြန်တော့ ပြည်သူ့လွှတ်တော်တစ်ခုတည်းပဲ ရှိခဲ့တယ်။ အနာဂတ်နိုင်ငံတော်မှာတော့ ဥပဒေပြုမှုအဖွဲ့တွေအဖြစ် ခုနက မင်း ဘကြီးပြောတဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အပြင် တိုင်းဒေသကြီး လွှတ်တော် (၇) ခုနဲ့ ပြည်နယ်လွှတ်တော် (၇) ခုကိုသာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွေကိုပါ ဖွဲ့စည်းပြီး ဥပဒေပြုခွင့် အာဏာခွဲဝေအပ်နှင်းတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ပေးပြီးဖြစ်လို့ ဒီမိုကရေစီနည်းလမ်းတကျနဲ့ တိုင်းရင်းသားအားလုံး မျှမျှတတ ဥပဒေပြုခွင့် ရရှိကြမှာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေတယ်လေ။

ဘကြီးစိုး – ဒါဟာ ပြည်သူ့ထံမှ ပြည်သူထံသို့ဆိုတဲ့ နိုင်ငံတော်အာဏာ ခွဲဝေသက်ဆင်းမှုဖြစ်တာမို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နှစ်ထောင်းအားရ သဘောကျကြမှာ ကေန်ပါပဲကွယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၁) ဆောင်းပါး (စာ – ၈ နှင့် ၉)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုကဗျာ စိုးမိုး (ပုသိမ်)၏ လွတ်လပ်ရေးကိုထိန်းသိမ်းပါ (စာ–၁၀)